# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်း ကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 1 June 2021 ၁၀၃၉၁


# တိုင်းပြည်အပေါ်သစ္စာရှိစွာဖြင့် မိမိတို့တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်နှင့် ကျေပွန်စွာထမ်းဆောင်နေခြင်းသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေခြင်းပင်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၃၁

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည်ဟုဆိုရာတွင်နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများသာမက နိုင်ငံတော်၏ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာမှုများကို ကာကွယ်ပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊ ကပ်ရောဂါကြုံတွေ့နေရမှုများကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းနှင့် မိမိလုပ်ငန်းတာဝန်များကို ကောင်းမွန်ကျေပွန်စွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


- ❖ **နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို လွှဲအပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း မိမိတို့အနေဖြင့် ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း အတည်ပြုမဲပေးပြီး ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် အတိုင်းသာ လိုက်နာဆောင်ရွက်လျက်ရှိ။**
- ❖ **ဒီမိုကရေစီစနစ်တွင် တူညီသည့်အခွင့်အရေးများ ရရှိကြသည်ဖြစ်သော်လည်း တူညီသည့် အရည်အချင်းရှိအောင် တစ်ဦးချင်းအလိုက် ကြိုးပမ်းအားထုတ်ကြရန်လည်း လိုအပ်မည်ဖြစ်။**

## ကြေးမုံ ယနေ့ဖတ်စရာ


**နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ပို့ဆောင်ရေးစနစ်ကောင်းမွန်မှု၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်မှုနှင့် လူသားအရင်းအမြစ်ပေါ်ကြွယ်ဝမှုများသည် အဓိကအရေးကြီး**

စာမျက်နှာ » ၄

**COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဇွန် ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်**

စာမျက်နှာ » ၉

**နိုင်ငံတကာခရီးသည်တင်လေကြောင်း ခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း**

စာမျက်နှာ » ၁၀

ကြေးမုံ

# စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားခိုင်ကျည်ပါမှ နိုင်ငံဖွံ့ဖြိုး

စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ယောက်၏ အသက်သွေးခဲဖြစ်သည်။ စာရိတ္တကောင်းမွန်သူသည် လူကောင်းဖြစ်၍ နိုင်ငံတော်က အားထားရမည့်သူဖြစ်သည်။ စာရိတ္တနှင့် ကိုယ်ကျင့်တရား ယိုယွင်းနေသူသည် လူဆိုးလူသွမ်းဖြစ်၍ မိမိပတ်ဝန်းကျင်ကိုလည်း အကျိုးမပြု၊ အများပြည်သူတို့ကိုလည်း အနှောင့်အယှက်ပေး၊ နိုင်ငံတော်ကိုလည်း နှောင့်ယှက်ဖျက်ဆီးနေသူ ဖြစ်လာသည်။

တိုင်းပြည်တစ်ပြည် သို့မဟုတ် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ အကျင့်စရိုက်တို့ကို ကြည့်ရှုအကဲခတ်ပါက သက်ဆိုင်ရာဘာသာတရားများနှင့်ဓလေ့စရိုက်များက ယင်းတိုင်းပြည်နှင့်လူမျိုးတို့ကို လွှမ်းခြုံထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရ၏။ မြန်မာတို့၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းစဉ်လာ၊ ဘာသာတရားများ ပျောက်ကွယ်ပါးလျားခဲ့သော် ယဉ်ကျေးသော ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများလည်း ပျောက်ကွယ်မည်ဖြစ်၏။

လူငယ်လူရွယ် တစ်ယောက်စီက ပြုစုပျိုးထောင်ရမည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံး၊ အရေးအကြီးဆုံးမဏ္ဍိုင်ဖြစ်သည်။ လက်ချောင်း ငါးချောင်းတွင် လက်ခလယ်သည် အမြင့်ဆုံးဗဟိုမဏ္ဍိုင် ဖြစ်နေသည်နှင့်တူ၏။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ပါမှ အခြားသော ဗလစွမ်းအားတို့သည် မိမိကိုသော်လည်းကောင်း၊ နိုင်ငံတော်ကိုသော်လည်းကောင်း အကျိုးပြုနိုင်ကြမည်ဖြစ်သည်။ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်နေပါလျှင် ကျန်ဗလလေးတန်တို့၏ခွန်အားတို့သည် အဖျက်လုပ်ငန်းများဆီသို့ ဦးတည်သွားကြပေလိမ့်မည်။

လက်ရှိအချိန်အခါကာလတွင် လူငယ်လူရွယ်တို့သည် ကိုယ်ခံစွမ်းအားဖြစ်သည့် စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်အားနည်းခဲ့သောကြောင့် မိမိလူမျိုး၊ မိမိတိုင်းပြည် ပျက်စီးရာ ပျက်စီးကြောင်းဘက်သို့ လျှောက်လှမ်းလာကြသည်ကို တွေ့ရသည်။ စိတ်ဓာတ်အခံရှိသည်ဖြစ်စေ၊ အခံမရှိသည်ဖြစ်စေ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ၊ အကြမ်းဖက်ဖျက်ဆီးမှုလုပ်ငန်းများတွင် ပါဝင်လာကြသည်။ မြို့ရွာအချို့တွင် အများပြည်သူဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ ရဲစခန်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးထောင်ဖောက်ခွဲခြင်း၊ လက်နက်စွဲကိုင်တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်လာကြသည်။

နွေဦးတော်လှန်ရေး၊ ဒီမိုကရေစီရေးဟူသော တံဆိပ်ကပ်၍ မိမိတို့၏ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား နှောင့်ယှက်ဖျက်ဆီးနေကြသည်။ မေလ ၂၇ ရက်နေ့က စာသင်ကျောင်း မီးရှို့ဖျက်ဆီးသူများနှင့် ကျောင်းများဖွင့်လှစ်ရာတွင် အနှောင့်အယှက်ဖြစ်စေမည့် စာရေးသားဖြန့်ဝေသူများကို ဖမ်းဆီးရမိခဲ့သည်။ အခြေခံပညာမူလတန်းလွန်ကျောင်းကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ကျေးလက်တောရွာရှိ ကလေးသူငယ်များ ပညာတတ်မြောက်ရေးသည် လွယ်ကူလှသည့်အလုပ်မဟုတ်ပေ။ ဆရာ ဆရာမ ရှားပါးမှု၊ ကျောင်းအဆောက်အအုံ တူတူတန်တန်မရှိမှု၊ ကျောင်းပရိဘောဂများနှင့် လိုအပ်သည်များ ပြည့်စုံစေရန်အတွက် အလွန်ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ကြရသည်။

ကျေးလက်ကျောင်းတစ်ကျောင်း ပေါ်ပေါက်လာရန်အတွက် ပညာရေးဌာနမှ ထောက်ပံ့ပေးမှုဖြင့် မလုံလောက်သဖြင့် ရပ်မိရပ်ဖများ၊ စေတနာရှင်များ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် ကျောင်းတစ်ကျောင်းဖြစ်ပေါ်လာအောင် ခက်ခက်ခဲခဲတည်ဆောက်ထားရသည်။ မိမိတို့ရပ်ရွာရှိ ကလေးသူငယ်များ ပညာတတ်မြောက်ရေးအတွက် စေတနာ၊ မေတ္တာ၊ သဒ္ဓါအားဖြင့် ဝိုင်းဝန်းထူမခဲ့ရသည်။ သို့သော် တူတူတန်တန်လေးဖြစ်အောင် ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရသော ကျေးရွာကျက်သရေ စာသင်ကျောင်းငယ်လေးကို ကျေးရွာမှ မသမာသူအဖျက်သမားများက ဖျက်ဆီးခဲ့ကြသည်။ မိမိရွာ၊ မိမိတို့၏ ကလေးသူငယ်များ ဘဝနောင်ရေးကို နင်းချေဖျက်ဆီးခဲ့ကြသည်။ ကျေးရွာမူလတန်းကျောင်းလေး ပြန်လည်ဖွင့်လှစ်မည်ကို မလိုလားသဖြင့် NLD ထောက်ခံအားပေးသူ လူတစ်စုက ဖျက်ဆီးခဲ့ကြသည်။

ကျေးရွာများဆိုသည်မှာ ဘာသာတရားကိုအခြေခံပြီး ယဉ်ကျေးမှုဓလေ့စရိုက်များကို အလေးထားကြသည့် အစဉ်အလာရှိသည်။ ပြီးခဲ့သည့်ကာလများအတွင်းက ဒီမိုကရေစီဝါဒကို လွဲမှားစွာအသုံးချမှုများကြောင့် ဘာသာတရားနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များ ပါးလျားပျောက်ကွယ်ခဲ့သည့်အကျိုးဆက်များ ဖြစ်သည်။ နိုင်ငံရေးအစွဲအလမ်းကို အကြောင်းပြု၍ မိမိရပ်ရွာနှင့် အပြစ်မရှိသည့် ဖြူစင်သန့်ရှင်းသော ကလေးငယ်များ၏ဘဝများကို မျက်ကွယ်ပြုကာ ဖျက်ဆီးလာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်း၍ စာသင်ကျောင်းနှင့်ပတ်ဝန်းကျင်တို့ကို လုံခြုံရေးအပြည့်အဝပေးလျက်ရှိသည်။ ကျူးလွန်ဖျက်ဆီးသူများကိုလည်း သတင်းထုတ်ဖော် ဖမ်းဆီးအရေးယူလျက်ရှိသည်။

သို့ဖြစ်ရာ စာရိတ္တနှင့် ကိုယ်ကျင့်တရား ယိုယွင်းလာမှုများကြောင့် လူဆိုးလူသွမ်းဖြစ်၍ မိမိပတ်ဝန်းကျင်ကိုလည်း အကျိုးမပြု၊ အများပြည်သူတို့ကိုလည်း အနှောင့်အယှက်ပေးပြီး နိုင်ငံတော်ကိုလည်း နှောင့်ယှက်ဖျက်ဆီးနေသူများကို ဝိုင်းဝန်းရှုတ်ချ တားဆီးကြရမည်ဖြစ်သည်။ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားခိုင်ကျည်သည့် နိုင်ငံသားဖြစ်မှသာ နိုင်ငံတော်လည်း အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း။ ။




# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်စစ်ဆေး

ဖျာပုံ မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်မိုးမိုးအေးသည် ဖျာပုံခရိုင်တရားသူကြီး ဒေါ်သူဇာအေး၊ မြို့နယ်တရားသူကြီး ဒေါ်မွန်ရည်အေး၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ဝင်းတို့နှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် ဖျာပုံအကျဉ်းထောင်နှင့် ဖျာပုံမြို့မရဲစခန်းတို့အား သွားရောက်စစ်ဆေးခဲ့သည်။

ယင်းနောက် ဖျာပုံခရိုင်အကျဉ်းဦးစီးဌာနမှ ဖျာပုံအကျဉ်းထောင်မှူး ဦးဘိုဌေးက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသူ၊ အချုပ်ကျနေသူများနေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်း သက်သောင့်သက်သာ ရှိ/ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့် ရ/မရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ/မရှိ၊ အစားအသောက်အာဟာရ စားသုံးရမှုအခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရ/မရ ကိစ္စများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့မရဲစခန်းနှင့် ဖျာပုံခရိုင်အတွင်းရှိ ဘိုကလေးမြို့မရဲစခန်းသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃၁ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၁,၂၂၆ | ၁၁,၀၂၆,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၈၅၈ | ၂,၉၈၄,၉၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃ | ၂၃,၄၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၄၁၁ | ၈,၀၁၄,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂ | ၅,၅၀၀ |
| EFR | ၃,၀၅၀ | ၃,၁၀၀ | ၇၁ | ၂၂၀,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၃၁

ရန်ကုန်(ရွှေဈေး) ၁၅၇၀၀၀၀

မန္တလေး(ရွှေဈေး) ၁၅၆၅၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၈၉.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၉.၅၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၈၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၄.၉၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၀၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၂၉.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၂.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၄.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၃၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေးထောက်ပံ့ငွေများ ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လက်ခံရယူစဉ်။

☆ **ရှေ့ဖုံးမှ**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**၄ လတာကာလသို့ ရောက်ရှိခဲ့ပြီ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေးအတွက် နိုင်ငံတော်၏တာဝန်ကို ခေတ္တတာဝန်ယူထိန်းသိမ်း ဆောင်ရွက်ခဲ့သည်မှာ ၄ လတာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယာယီသမ္မတက နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို လွှဲအပ်**တာဝန်ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း မိမိတို့အနေဖြင့် ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း အတည်ပြုမဲပေးပြီး ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် အတိုင်းသာ လိုက်နာဆောင်ရွက်လျက်ရှိ**ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားသောနိုင်ငံများ၏ အခြေခံဥပဒေများနှင့် တူညီမှုမရှိဘဲ ကွဲပြားမှုများရှိကြောင်း၊ အခြေခံဥပဒေပါ တပ်မတော်၏အခန်းကဏ္ဍကို လေ့လာကြည့်လျှင် သိရှိရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံတော်၏သမ္မတကို ရွေးချယ်ရာတွင် ပြည်သူများက တိုက်ရိုက်ရွေးချယ်ရခြင်းမဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များကတစ်ဆင့် ရွေးချယ်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူက စစ်မှန်စွာ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ ဖြစ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာ ကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်သူက စစ်မှန်စွာ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဟု အပြည့်အဝ မှတ်ယူရန်ခဲယဉ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် မဲစာရင်းများကိုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များထုတ်ပြန်ကာ မဲစာရင်းကွဲလွဲချက်များကို စစ်ဆေးပေးနိုင်ရေး တာဝန်ရှိသူများထံ အဆင့်ဆင့်တင်ပြခြင်း၊ ညှိနှိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်က စစ်မှန်ပြီး တရားမျှတသည့် ရွေးကောက်ပွဲရလဒ်ဖြစ်စေရေး မည်သို့ပင် ပြောဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန်အထိ ကြိုးပမ်းလာမှုများကြောင့် ယခုအခြေအနေအထိ ရောက်ရှိခဲ့ရခြင်းဖြစ်သည့် အခြေအနေမှန်များကို အရာရှိ၊ စစ်သည်များအနေဖြင့် သိရှိရမည်ဖြစ်ကြောင်း။

**ထုတ်ပြန်ကြေညာလျက်ရှိ**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် မဲစာရင်းကွဲလွဲနေမှုများကို အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့နောက် COVID-19 ရောဂါကာကွယ်ရေးနှင့် ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့်စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံးကုစားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တနေကြသည့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားအားလုံး ပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပြီး တိုင်းရင်းသားအားလုံးတွင် တူညီသည့် အခွင့်အရေးများရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းရင်းသားအားလုံး အခွင့်အရေးတန်းတူရှိသည်ကို အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ **ဒီမိုကရေစီစနစ်တွင် တူညီသည့် အခွင့်အရေးများ ရရှိကြသည်ဖြစ်သော်လည်း တူညီသည့် အရည်အချင်းရှိအောင် တစ်ဦးချင်းအလိုက် ကြိုးပမ်းအားထုတ်ကြရန်လည်း လိုအပ်မည်ဖြစ်**ကြောင်း၊ မိမိဒေသနှင့် တိုင်းပြည်ကို တိုးတက်စေလိုသည့်စိတ်ဖြင့် မိမိသင်ခဲ့ရသည့် အတန်းပညာ၊ လေ့လာဆည်းပူးထားသည့် အသိပညာတို့ကို ပေါင်းစပ်ပြီး အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

**အရာရှိ၊ စစ်သည်များအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက် မှုမပါဘဲ တပ်မတော်တွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိတာဝန်ထမ်းဆောင်နေသည့်တပ်ကို သစ္စာရှိရမည်၊ တပ်မတော်အပေါ်သစ္စာရှိရမည်၊ မိမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရမည်ဖြစ်**ကြောင်း၊ သင်တန်းကျောင်းများတွင် စစ်စည်းကမ်းကောင်းမွန်ရန် သင်ကြားပေးလိုက်ပြီးဖြစ်ပြီး မိမိတို့တပ်မတော်သားများအနေဖြင့် အရပ်ဘက်စည်းကမ်း၊ တပ်မတော်စည်းကမ်းနှစ်မျိုးလုံးကို လိုက်နာရသူများဖြစ်သဖြင့် စည်းကမ်းတကျလိုက်နာဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့တစ်ဦးချင်းထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်မှုရှိရမည်ဖြစ်ပြီး စစ်သားတိုင်း စစ်မတိုက်ရသော်လည်း လိုအပ်ပါက တိုက်ပွဲဝင်နိုင်စွမ်းရှိအောင် လေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ကျေပွန်စွာထမ်းဆောင်ကြရမည်**

**တပ်မတော်သားများအနေဖြင့် ပြည်သူကြားကပေါက်ဖွားလာပြီး နိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှ မိမိကျရာတာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သကဲ့သို့ မိမိတို့၏ မိသားစုဝင်များသည်လည်း မိမိတို့နှင့်အတူတကွ တပ်တွင်း၌ လိုက်ပါနေထိုင်ကြသူများဖြစ်သည့်အတွက် အရာရှိ၊ စစ်သည်များ၊ မိသားစုများအနေဖြင့် မိသားစုစိတ်ဓာတ်၊ ညီအစ်ကို မောင်နှမစိတ်ဓာတ်၊ ညီအစ်မစိတ်ဓာတ်များဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရမည်ဖြစ်**ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် သတိတရား၊ အသိတရား လက်ကိုင်ထားပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် တိုင်းပြည်အပေါ် အမြဲသစ္စာစောင့်သိပြီး တိုင်းပြည်လမ်းမှားမရောက်စေရေးအတွက် တစ်ဦးချင်း အသိစိတ်ဓာတ်ရှိစွာဖြင့် မှန်မှန်ကန်ကန်တာဝန်ထမ်းဆောင်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူ တစ်ဦးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးထောက်ပံ့ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **အရာရှိ၊ စစ်သည်များအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက် မှုမပါဘဲ တပ်မတော်တွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိတာဝန်ထမ်းဆောင်နေသည့်တပ်ကို သစ္စာရှိရမည်၊ တပ်မတော်အပေါ်သစ္စာရှိရမည်၊ မိမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရမည်ဖြစ်။**

❖ **တပ်မတော်သားများအနေဖြင့် ပြည်သူကြားကပေါက်ဖွားလာပြီး နိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှ မိမိကျရာတာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများဖြစ်သကဲ့သို့ မိမိတို့၏ မိသားစုဝင်များသည်လည်း မိမိတို့နှင့်အတူတကွ တပ်တွင်း၌ လိုက်ပါနေထိုင်ကြသူများဖြစ်သည့်အတွက် အရာရှိ၊ စစ်သည်များ၊ မိသားစုများအနေဖြင့် မိသားစုစိတ်ဓာတ်၊ ညီအစ်ကို မောင်နှမစိတ်ဓာတ်၊ ညီအစ်မစိတ်ဓာတ်များဖြင့် တစ်ဦးနှင့် တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရမည်ဖြစ်။**

# နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ပို့ဆောင်ရေးစနစ်ကောင်းမွန်မှု၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်မှုနှင့် လူသားအရင်းအမြစ်ပေါ်ကြွယ်ဝမှုများသည် အဓိကအရေးကြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဘားအံမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ COVID -19 ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့် အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လမ်းများတိုးချဲ့ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လမ်းအကျယ်အဝန်းများရှိရန် လိုကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းမှုများပြားသည့်အတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက်လည်း ဆိုင်ကယ်မောင်းနှင်နိုင်သောလမ်းများ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ လမ်းများ ရေရှည်ကောင်းမွန်စေရေးအတွက် ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းတစ်လျှောက် အရိပ်ရ လေကာပင်များစိုက်ပျိုးရန် လိုကြောင်း၊ အရေးပေါ်ကာလအတွင်း ဆူပူဆန္ဒပြမှုများအား အရေးယူဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် ဆန္ဒပြမှုများရှိမည်ဖြစ်ကြောင်း၊ သို့သော် ပြဿနာအားပိုမိုကြီးထွားစေရန် သတင်းမှားများဖြင့် လှုံ့ဆော်မှုများ ဆောင်ရွက်နေသူများနှင့် အန္တရာယ်ရှိအောင် ဆောင်ရွက်နေသူများကိုသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများ မှားယွင်းမှုများဖြစ်ပေါ်မှုကြောင့် စိစစ်ခဲ့ချိန်၌ ကရင်ပြည်နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သူ ၂၃၉၀၀၀ ကျော် ပါဝင်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားများ မှတ်ပုံတင်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရခွင့်ရှိသည့် တိုင်းရင်းသားအားလုံးနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် အကျုံးဝင်သူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်၍ မျှတမှုရှိသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲများပေးသည့်အချိန်တွင် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်များရှိရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**အားကစားကဏ္ဍ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍသည် ရှေးယခင်က ထိပ်တန်းအဆင့်တွင်ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အာဆီယံအဆင့်၌ပင် နိမ့်ကျလျက်ရှိကြောင်း၊ အားကစားသည် ချက်ချင်းဆောင်ရွက်၍မရဘဲ အချိန်ယူ၍ ဆောင်ရွက်ရကြောင်း၊ အားကစားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ကစားနည်းစနစ်များသာမက အားကစားကွင်းများ၊ အားကစားရုံများသည်လည်း အဆင့်အတန်းမီစွာ ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ၊ မိုးလုံလေလုံ အားကစားရုံများနှင့် အဆင့်မီရေကူးကန်များအား ဖြည့်ဆည်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားကွင်းများနှင့် အားကစားရုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန်လိုကြောင်း၊ အားကစားသည် ကျန်းမာရေးကိုသာမက နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ကိုပါ မြှင့်တင်ပေးနိုင်ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍမြှင့်တင်ပြီး နိုင်ငံ၏ ဂုဏ်ကိုမြှင့်တင်ရန်လိုကြောင်း။

ကရင်ပြည်နယ်သည် သာယာလှပသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိကြောင်း၊ ကရင်ပြည်နယ်၏ မျှော်မှန်းသက်တမ်းသည် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းထက် ၂ ဒသမ ၅ နှစ်ခန့် လျော့နည်းလျက်ရှိသဖြင့် ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် အာဟာရပြည့်ဝသည့်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြည့်ဝစွာရရှိရန် လိုအပ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အချိုမှုန့်စားသုံးမှုများ၊ မူးယစ်ဆေးဝါးနှင့် အရက်၊ ဆေးလိပ်၊ ကွမ်းများ သုံးစွဲမှုကို တတ်နိုင်သမျှရှောင်ကြဉ်ရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် ဆန်ဖူလုံမှုရှိပြီး အခြားသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်းနှင့် အခြားနှစ်တို၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးလျက်ရှိသဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးရေးအားကောင်းသည်ကို တွေ့ရှိရကြောင်း၊ ဒေသအတွင်း ဝမ်းစာဖူလုံရေးအတွက် စပါးအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ လူအများစားသုံးသည့် ကြက်၊ ဝက်၊ နွား၊ ဆိတ်နှင့် ငါးမွေးမြူရေးလုပ်ငန်းများအား တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ဒေသတွင်းအရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပါက

**စာမျက်နှာ ၅ သို့** ❒

○ **အရေးပေါ်ကာလအတွင်း ဆူပူဆန္ဒပြမှုများအား အရေးယူဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် ဆန္ဒပြမှုများရှိမည်ဖြစ်**

○ **ပြဿနာအားပိုမိုကြီးထွားစေရန် သတင်းမှားများဖြင့် လှုံ့ဆော်မှုများ ဆောင်ရွက်နေသူများနှင့် အန္တရာယ်ရှိအောင် ဆောင်ရွက်နေသူများကိုသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်**

○ **နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသည့် နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများမှားယွင်းမှုများ ဖြစ်ပေါ်မှုကြောင့် စိစစ်ခဲ့ချိန်၌ ကရင်ပြည်နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သူ ၂၃၉၀၀၀ ကျော် ပါဝင်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖွဲကပင်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဓဇအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❒ စာမျက်နှာ ၄ မှ

ဒေသတွင်း စီးပွားရေး ကောင်းမွန်လာမည်ဖြစ်သည့်အပြင် ပြင်ပမှ ဝယ်ယူစားသုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ သုံးစွဲငွေ လျှော့နည်းပြီး ဒေသတွင်း လူမှုစီးပွားဘဝကို တိုးတက်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ တိုးတက်မှုသည် နိုင်ငံ၏ GDPနှင့် နိုင်ငံခြားကုန်သွယ်မှုများအပေါ်တွင် မူတည်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဘတ်ဂျက်လိုငွေ များပြားမှုကြောင့် ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းပြည်စာရင်းတွင် ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့်ဒေသတွင်းလူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

**အဓိကအရေးကြီး**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ပို့ဆောင်ရေးစနစ်ကောင်းမွန်မှု၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်မှုနှင့် လူသားအရင်းအမြစ်ပေါကြွယ်ဝမှုများသည် အဓိကအရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်ပတ်သက်၍ ပြည်နယ်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအရင်းမြစ်များရှိပြီးဖြစ်ကြောင်း၊ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဟတ်ကြီးရေအားလျှပ်စစ်စက်ရုံမျိုးသည် ကရင်ပြည်နယ်ကို အထောက်အကူပြုမည်ဖြစ်သဖြင့် ဆောင်ရွက်သင့်ကြောင်း၊ အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်နေသူများကို နားလည်စေလိုကြောင်း၊ အဆိုပါရေအရင်းအမြစ်များကို အသုံးချ၍ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုဆောင်ရွက်ရသည့် စက်ရုံအလုပ်ရုံများ ပိုမိုတိုးတက်လည်ပတ်ဆောင်ရွက်နိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း။

ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်အတွင်း ၅ နှစ်နှင့်အထက် ကျောင်းမနေဖူးသူ ဦးရေသည် ပြည်နယ်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိသဖြင့် ပြည်နယ်အတွင်း ပညာရေးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိက အထောက်အကူပြုနိုင်သည့် စိုက်ပျိုးမွေးမြူရေး ပညာရပ်များ သင်ကြားနိုင်ရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ COVID-19 ဖြစ်ပွားစဉ် ကာလအတွင်း တစ်နှစ်တာကာလ ကျောင်းများပိတ်ထားခဲ့ရသဖြင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှု တစ်နှစ် နောက်ကျခဲ့ရသဖြင့် ကျောင်းသား၊ မိဘများနှင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ COVID-19 ရောဂါကူးစက်မှု အတိုင်းအတာတစ်ခုအထိ လျော့ကျလာပြီဖြစ်သဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မသမာသူများအနေဖြင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရေး ကျောင်းများ မဖွင့်လှစ်ဖြစ်အောင် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပညာသင်ကြားရေးနှင့်ပတ်သက်၍ နည်းမျိုးစုံဖြင့် နှောင့်ယှက်နေမှုများအပေါ် တာဝန်ရှိသူများအနေဖြင့် နားလည်အောင် ရှင်းလင်းပြောကြား၍ ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူလူထုမှ လိုလားသည့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များနှင့်အတူ ဘားအံမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်သည့် ဖွဲကပင်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဓဇ၊ လမင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒ၊ မဲဘောင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလတို့အား မဲဘောင်ကျောင်းတိုက်တွင်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘားအံမြို့ မိုးကယ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇိန္ဒအားလည်းကောင်း၊ ကော့ထော်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာ တောင်ကလေးကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသာမိအားလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြ၍ နဝကမ္မအလှူတော်ငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်နှင့် ဆီများအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွဲကပင်အဆင့်မြင့်အားကစားကွင်းအား ပြည်နယ်အားကစားကွင်း အဆင့်မြှင့်တင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အားကစားကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ရာတွင် အဆင့်အတန်းမီစွာ တည်ဆောက်ရန်၊ ကစားကွင်းအတွင်း ပရိသတ်များ ဝင်၊ ထွက်မှု အဆင်ပြေစေရေး စဉ်းစားတည်ဆောက်ရန်၊ ပြည်နယ်အဆင့်အားကစားကွင်းဖြစ်သဖြင့် ပြည်နယ်အားကစားတိုးတက်ရေးကို အထောက်အပံ့ပေးနိုင်သည့် အားကစားကွင်းဖြစ်အောင် ဆောင်ရွက်ရန်၊ ရေကူးကန်အား ပြိုင်ပွဲများ ကျင်းပနိုင်သည်အထိ စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ရန်တို့ကို မှာကြားခဲ့သည်။ ထို့နောက် အောင်သံလွင် ပြည်နယ်အားကစားကွင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ကွင်းတိုးချဲ့ပြုပြင်နိုင်ရေးအတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်သံလွင် ပြည်နယ်အားကစားကွင်း၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

- **COVID-19 ဖြစ်ပွားစဉ်ကာလအတွင်း တစ်နှစ်တာကာလ ကျောင်းများ ပိတ်ထားခဲ့ရသဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု တစ်နှစ် နောက်ကျခဲ့ရသဖြင့် ကျောင်းသား၊ မိဘများနှင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့**
- **ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ COVID-19 ရောဂါကူးစက်မှု အတိုင်းအတာတစ်ခုအထိ လျော့ကျလာပြီဖြစ်သဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိ**
- **ထိုသို့ ဆောင်ရွက်ချိန်တွင် မသမာသူများအနေဖြင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရေး ကျောင်းများ မဖွင့်လှစ်ဖြစ်အောင် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရ**
- **ပညာသင်ကြားရေးနှင့်ပတ်သက်၍ နည်းမျိုးစုံဖြင့် နှောင့်ယှက်နေမှုများအပေါ် တာဝန်ရှိသူများအနေဖြင့် နားလည်အောင် ရှင်းလင်းပြောကြား၍ ပညာရေးကို အားပေးဆောင်ရွက်ရန်လို**
- **တပ်မတော်အနေဖြင့် နိုင်ငံနှင့် ပြည်သူလူထုမှ လိုလားသည့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိ**

# ပညာသင်ယူခွင့်ကို နှောင့်ယှက်ဟန့်တား အကြမ်းဖက်မှုတွေ အဆုံးသတ်ပါ

နေခြည်သွေး

ဇွန်လဆန်းဆိုတာ အစဉ်အဆက် အခြေခံပညာကျောင်းတွေ ဖွင့်လှစ်တဲ့ အချိန်ကာလဖြစ်ပါတယ်။ နှစ်စဉ် နှစ်တိုင်း ကလေးတွေဟာ မိုးဦးကျ ဇွန်လ ဆန်းမှာ စာသင်ကျောင်းတွေဖွင့်တော့ မယ်ဆိုတဲ့ စိတ်ကူးနဲ့ ပျော်ခဲ့ကြရသလို၊ မိဘတွေကလည်း မိမိတို့သားသမီး တွေကို ပညာတတ်ကြီးတွေဖြစ်စေဖို့ အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ကျောင်းတော်ကြီးကို ပို့နိုင်ကြဖို့ ပွဲပိုး ပေးကြနဲ့ စိတ်ကူးသစ်တွေနဲ့လတစ်လ ဖြစ်ပါတယ်။ အခုလို အခမဲ့ပညာရေး စနစ်ကြီးနဲ့ ကျောင်းတက်ဖို့ ငွေကုန် ကြေးကျမရှိတဲ့အချိန်မျိုးဆိုရင် မိဘ တွေအတွက် အထိုက်အလျောက် အသက်ရှူချောင်ပြီး ကိုယ့်သားသမီး တွေ ပညာသင်ကြရဖို့ ဝမ်းသာလှေ့ရှိကြ ရတဲ့ကာလပဲ ဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင်လည်း ကျောင်း အပ်နှံရေးရက်သတ္တပတ်မှာ ကလေး တွေကို စာသင်ကျောင်းဆီအရောက် သွားပြီး ကျောင်းအပ်ခဲ့ပါတယ်။ များပြားလှတဲ့ ကလေးမိဘတွေနဲ့ အဖြူ အစိမ်းလေးတွေ ဝတ်ဆင်ထားကြတဲ့ ကျောင်းသူ ကျောင်းသားလေးတွေ ကိုကြည့်ရင်း ဖြူစင်တဲ့ကလေးတွေ အေးအေးချမ်းချမ်း ပညာသင်ကြားခွင့် ရတယ်ဆိုတာ နိုင်ငံအတွက် အကောင်း ဆုံးဆုလာဘ်ကြီးရယ်လို့ အတွေးဖြစ် မိပါတယ်။

ကျောင်းအပ်နှံဖို့အတွက် ပိုက်ဆံ တစ်ကျပ်မှ ကုန်စရာမလိုဘူး။ ပြဋ္ဌာန်း စာအုပ်အခမဲ့၊ ဗလာစာအုပ်အခမဲ့နဲ့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်း လေးတွေကိုကြည့်ရင်း နိုင်ငံတော်ရဲ့ စေတနာကို အသိအမှတ်မပြုဘဲ မနေ နိုင်ခဲ့ပါဘူး။ မိမိတို့သားသမီးတွေ လွယ်လွယ်ကူကူ ပညာသင်ကြားခွင့်၊ လုံခြုံစွာနဲ့ ပညာသင်ကြားခွင့်တွေ အတွက် ဖြည့်ဆည်းပေးနေတဲ့ ဆရာ ဆရာမတွေရဲ့ ကျေးဇူးတရားကို မျက်နှာ လွှဲမနေနိုင်ခဲ့ပါဘူး။ သို့သော် လက်ရှိ မြန်မာနိုင်ငံတစ်ဝန်းလုံး အနေအထား မှာတော့ စာသင်ကျောင်းတွေမှာ ဗုံးကွဲ တာ၊ မိုင်းထောင်တာတွေအပြင် ထိခိုက် အောင် လုပ်ဆောင်နေကြပြီး ကလေး တွေ ကျောင်းမတက်ဖို့ မိုက်မိုက်ကန်းကန်း ဆောင်ရွက်နေကြတာတွေ ဟာ အနိဋ္ဌာရုံတွေပဲလို့ တိုင်းပြည် အတွက်၊ ကလေးတွေအနာဂတ်အတွက် ရင်နာမိပါတယ်။

### တောပန်းကလေးများပွင့်ကြဖို့

စာသင်ကျောင်းတစ်ကျောင်းဖြစ်လာ ဖို့ မြို့ကြီးတွေပေါ်မှာထက် ကျေးလက် ဒေသတွေမှာ ပိုမိုခက်ခဲပါတယ်။ ကျောင်း ဖြစ်မြောက်ရေး ကော်မတီဝင်တွေရဲ့ အခက်အခဲကို ပြီးခဲ့တဲ့ရက်က ဖတ်ရှုကြည့် ရတဲ့အခါ ပိုမိုပြီးခံစားမိလာရပါတယ်။ မိမိတို့နေထိုင်ရာ ကျေးရွာမှာ စာသင် ကျောင်းလေးဖြစ်လာအောင် ကော်မတီ ဝင်တွေ စာရွက်စာတမ်းတစ်ပွေ့တစ်ပိုက် နဲ့ မြို့ပေါ်ကို အခေါက်ခေါက်အလီလီတက် ပြီး တင်ပြကြရပါတယ်။ ရုံးဌာန ပုံစံတွေ အရ စာတစ်စောင်ရေးသားရတယ်ဆိုတာ လွယ်ကူရိုးရှင်းတဲ့ကိစ္စတော့ မဟုတ်ပါ ဘူး။ အဲဒီကုန်ကျစရိတ်ကတင် ကျောင်း ပုံမဆွဲရသေးခင်မှာတောင် ဘီလပ်မြေ အိတ် ၁၀၀ စာလောက် ကုန်ကျနိုင်ပါသေး တယ်။ အစိုးရက ချထားပေးတဲ့ ဘတ်ဂျက် ငွေဟာကျောင်းတစ်ကျောင်း လုံလုံ လောက်လောက်နဲ့ ပြည့်ပြည့်စုံစုံဖြစ်ဖို့ အတွက်တော့ လိုအပ်ချက်တွေ ရှိနေနိုင်ပါ သေးတယ်။ ဒီတော့ ရွာကျောင်းလေး တစ်ကျောင်းဖြစ်လာဖို့ သီးနှံပေါ်ချိန်၊ စပါး ပေါ်ချိန်တွေမှာ ဒေသခံတွေရဲ့ ချွေးနဲ့ သွေးနဲ့ ရရှိလာတဲ့ ငွေတွေကနေ အလှူခံပြီး အနှစ်နှစ်အလလ စုဆောင်းတည်ဆောက် ခဲ့ကြရတဲ့ကျောင်းတွေဖြစ်ပါတယ်။

စာသင်ကျောင်းတည်ဆောက်ပြီးရုံနဲ့ လည်း မပြီးသေးပါဘူး။ မိမိတို့ရွာက ရင်သွေးတွေအတွက် အသင်အပြ ကောင်းပြီး စေတနာထက်သန်တဲ့ ဆရာ ဆရာမ ရရှိဖို့ ကြိုးစားကြရတာလည်း လွယ်ကူတဲ့အလုပ်မဟုတ်ပါဘူး။ ဆရာ မြဲဖို့အတွက် ဆရာ ဆရာမတွေရဲ့ နေရေး၊ စားရေးကိုလည်း ဒေသခံတွေကပဲ အင်တိုက် အားတိုက် ဆောင်ရွက်ပေးကြရတာပဲ ဆိုတာ စာသင်ကျောင်းလေးတွေရှိတဲ့ ကျေးရွာတိုင်းသိရှိကြမှာပါ။

ဆရာ ဆရာမတွေ ရလာပြန်တော့ လည်း မိမိတို့ရင်သွေးတွေ စနစ်တကျနဲ့ ပညာသင်ယူနိုင်အောင်၊ ထိုက်သင့်တဲ့ အောင်မြင်မှုတွေရလာအောင်နဲ့ ကလေး တိုင်း ပညာသင်ယူနိုင်အောင် ကျောင်း ကော်မတီတွေက ကြိုးစားကြရတာပါ။ ဒါတင်မကသေးပါဘူး။ ကျောင်းပတ်ဝန်း ကျင် သာယာအောင်နဲ့ လုံခြုံမှုရှိအောင် လိုအပ်တဲ့ အုတ်တံတိုင်းတွေ ကာရံတာ၊ လျှပ်စစ်မီးရရှိအောင် ကြိုးပမ်းတာ၊ သောက်သုံးရေဖူလုံအောင် ကြိုးပမ်းတာ၊ အိမ်သာနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး တို့အတွက် ပြင်ဆင်တာမျိုးတွေကို လည်း ကျေးရွာဒေသခံတွေက တစ်တပ် တစ်အား စုပေါင်းဖြည့်ဆည်းခဲ့ကြရတာ ပါ။

### လက်ရှိအခြေအနေ

လက်ရှိအခြေအနေမှာတော့ ကျောင်း သား ကျောင်းသူတွေ ကျောင်းမတက်နိုင် အောင် အမျိုးမျိုးလှုံ့ဆော်နေကြတာကို မြင်တွေ့ရမှာပါ။ အပြစ်မဲ့တဲ့ကလေးတွေ စာမသင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗုံးတွေခွဲတာ၊ မိုင်းတွေထောင်တာတွေ ပြုလုပ်လာကြပါတယ်။ မငြိမ်သက်တဲ့ အခါ၊ မအေးချမ်းတဲ့အခါ မိဘတွေက မိမိ သားသမီးတွေကို ကျောင်းပို့ဖို့ ခက်ခဲနေ ကြရပါတယ်။ ဒါတင်မကသေးပါဘူး။ ရပ်ရွာတွေထဲမှာ ကျောင်းသွားအပ်တဲ့ ကျောင်းသားမိဘတွေရဲ့ စာရင်းကို ကောက်ခံနေတယ်ဆိုတဲ့ အဓမ္မအသံတွေ လည်း ကြားတွေ့နေရပါတယ်။ “အပ်ရဲရင် အပ်ကြည့်ပါ” ဆိုတဲ့ အသံတွေ လှိုင်လှိုင် ကြားနေကြရပါတယ်။ မြို့ကြီးတွေမှာရှိတဲ့ မိမိတို့ ဆွေမျိုးသားချင်းတွေကလည်း ကလေးတွေ ကျောင်းအပ်ချင်ပေမယ့် သွားမအပ်ရဲကြတော့ဘူး။ ကျောင်းအပ် ရင် ကလေးတွေထိခိုက်ကုန်မယ်ဆိုတဲ့ အပြောကို ကြောက်နေကြရပါတယ်။ ကျောင်းထားတဲ့မိသားစုကို ရပ်ကွက်က နှိပ်စက်ကလူပြုမှာကို ကြောက်နေကြရပါ တယ်။

စာရေးသူတို့ မိတ်ဆွေအပေါင်းအသင်း တွေ သူတို့သားသမီးတွေကို ကျောင်းအပ် ချင်ပေမယ့် ရပ်ကွက်ထဲမှာ ဒလန်ဆိုပြီး နှိပ်စက်ခံရမှာကြောက်လို့ ကျောင်းမအပ် ရဲကြသူတွေ အများကြီးရှိပါတယ်။ အဲဒီလို ပဲ စာရေးသူမိတ်ဆွေ ဆရာ ဆရာမတွေ ကျေးလက်မှာ တာဝန်ထမ်းဆောင်နေကြ သူတွေထဲမှာ ကျေးရွာက ဘာလုံခြုံမှုမှ မပေးနိုင်ဘူးနော်၊ ဆရာမတွေ အမြန်ဆုံး CDM လုပ်ပါဆိုပြီး ဖိအားပေးတာမျိုးကို လည်း စိတ်မသက်သာဖွယ် ကြားသိရပါ တယ်။

နယ်ဝေးမှာ တာဝန်ထမ်းဆောင်နေ ကြရတဲ့ ဆရာ ဆရာမတွေဟာ အိမ်နဲ့ အဝေးကြီးမှာ တာဝန်ကျတဲ့အရပ်က ဒေသခံတွေကိုပဲ ဆွေမျိုးသဖွယ် ပတ်သက်ဆက်နွှယ်နေကြရတဲ့အခါ အခုလို သဘောထားကွဲလွဲမှုတွေ ကြောင့် သူတို့တာဝန်ကျတဲ့ ကျေးရွာ တွေကို စွန့်ခွာလာကြတာရဲ့ နောက် ဆက်တွဲအကျိုးဆက်ကတော့ အနှစ်နှစ် အလလကဖော်ဆောင်ခဲ့ကြတဲ့ ကျေးရွာ စာသင်ကျောင်းလေး အနာဂတ်မဲ့သွား တာပဲ ဖြစ်ပါတယ်။

### ပြင်းပြင်းထန်ထန်အရေးယူပါ

စာသင်ကျောင်းအုတ်နံရံကို ဖုံးခွဲ သတဲ့။ ကလေးတွေ ကျောင်းမတက်ရ အောင် အမျိုးမျိုးတားဆီးနေကြသတဲ့။ ဒါဟာ အဓမ္မလုပ်ရပ်၊ အကြမ်းဖက်တဲ့ လုပ်ရပ်၊ လူမဆန်တဲ့လုပ်ရပ်ဆိုတာကို ဘာကြောင့်များ မျက်ကွယ်ပြုနေကြပါ သလဲလို့ အကြမ်းဖက်သူတွေကို မေးခွန်း ထုတ်လိုပါတယ်။ ပြည်သူတွေအနေနဲ့ မတရားမှုကို တွန်းလှန်ကြပါလို့ဆိုရာ မှာ အခုလို အပြစ်မဲ့ပြည်သူတွေ၊ တိုင်းပြည်ရဲ့ ရင်သွေးတွေ ပညာသင်ချိန် မှာ ပညာမသင်နိုင်အောင် လုပ်ဆောင် နေတာတွေကို တွန်းလှန်ပစ်ရမှာမဟုတ် ပါလား။ အကြမ်းဖက်မှုကို လူတိုင်း ကြောက်ရွံ့ပါတယ်၊ ရွံရှာကြလေ့ရှိပါ တယ်။ သို့သော်လည်း လက်မခံဘဲ အမှန်တရားကို မြင်အောင်ကြည့်ကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အနေနဲ့လည်း လုံခြုံရေး ကို အပြည့်အဝတာဝန်ယူနိုင်ဖို့၊ ကလေး တွေကို ကျောင်းတွေဆီ လုံခြုံစွာ ပို့ဆောင် ပေးနိုင်ဖို့အတွက် အစီအမံတွေကို စီမံ ဆောင်ရွက်ပေးသွားမယ်၊ စီမံဆောင်ရွက် ပေးထားတယ်လို့ ပြီးခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ကြားသိရတဲ့အတွက် အားတက်မိပါတယ်။ အထူးသဖြင့်တော့ ကျွန်မတို့ရင်သွေးလေးတွေရဲ့ အနာဂတ် ကို ချိုးဖဲ့ဖျက်ဆီးလိုသူတွေ၊ ကျောင်း မတက်ကြဖို့ လှုံ့ဆော်တဲ့သူတွေ၊ ကျောင်းတက်မယ့် ကလေးတွေကို ထိခိုက်အောင် ဗုံးထောင်မိုင်းခွဲသူတွေနဲ့ ကျောင်းပို့မယ့် မိသားစုတွေကို ခြိမ်းခြောက် အကျပ်ကိုင်တဲ့သူတွေ အားလုံးကို ပြင်းပြင်းထန်ထန် အရေးယူ တာ၊ ဖော်ထုတ်အပြစ်ပေးတာတွေ လုပ်ဆောင်ပေးပါလို့ တင်ပြတောင်းဆို ပါရစေ။

ထို့အတူ ပြည်သူတွေအားလုံးက လည်း ကလေးတွေအနာဂတ်ကို ရိုက်ချိုးမယ့် အစွန်းရောက်အကြမ်းဖက် သူတွေကို ဖော်ထုတ်ပေးပါ။ မိမိတို့ ကလေးတွေ ကျောင်းတက်ဖို့အရေးကို နှောင့်ယှက်ဟန့်တားသူတွေကိုလည်း သက်ဆိုင်ရာကို အမြန်ဆုံးသတင်းပို့ ခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ရင်း ကလေးတွေကို ကျောင်းပို့နိုင်ဖို့ မိမိ တတ်နိုင်တဲ့ဘက်က ပူးပေါင်းပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။ ။

**စာသင်ကျောင်း အုတ်နံရံကို ဖုံးခွဲသတဲ့။ ကလေးတွေ ကျောင်းမတက်ရအောင် အမျိုးမျိုးတားဆီးနေကြသတဲ့။ ဒါဟာ အဓမ္မလုပ်ရပ်၊ အကြမ်းဖက်တဲ့လုပ်ရပ်၊ လူမဆန်တဲ့လုပ်ရပ်ဆိုတာကို ဘာကြောင့်များ မျက်ကွယ်ပြုနေကြပါသလဲလို့ အကြမ်းဖက်သူတွေကို မေးခွန်းထုတ်လိုပါတယ်။ ပြည်သူတွေအနေနဲ့ မတရားမှုကို တွန်းလှန်ကြပါလို့ဆိုရာမှာ အခုလို အပြစ်မဲ့ပြည်သူတွေ၊ တိုင်းပြည်ရဲ့ ရင်သွေးတွေ ပညာသင်ချိန်မှာ ပညာမသင်နိုင်အောင် လုပ်ဆောင်နေတာတွေကို တွန်းလှန်ပစ်ရမှာမဟုတ်ပါလား။ အကြမ်းဖက်မှုကို လူတိုင်းကြောက်ရွံ့ပါတယ်၊ ရွံရှာကြလေ့ရှိပါတယ်။ သို့သော်လည်း လက်မခံဘဲ အမှန်တရားကို မြင်အောင်ကြည့်ကြဖို့ လိုအပ်ပါတယ်။**

**ပြည်သူတွေအားလုံးကလည်း ကလေးတွေအနာဂတ်ကို ရိုက်ချိုးမယ့် အစွန်းရောက်အကြမ်းဖက်သူတွေကို ဖော်ထုတ်ပေးပါ။ မိမိတို့ကလေးတွေ ကျောင်းတက်ဖို့အရေးကို နှောင့်ယှက်ဟန့်တားသူတွေကိုလည်း သက်ဆိုင်ရာကို အမြန်ဆုံး သတင်းပို့ခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ရင်း ကလေးတွေကို ကျောင်းပို့နိုင်ဖို့ မိမိတတ်နိုင်တဲ့ဘက်က ပူးပေါင်းပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။**


## လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ပြည်တွင်းလောင်စာဆီ သုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချ

လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ပြည်တွင်းလောင်စာဆီသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်လုပ်ငန်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ တရားမဝင်ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ လျှပ်စစ်ဓာတ်အားခများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ချိန်အလိုက် ကောက်ခံရရှိရေး ဆောင်ရွက်ရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ် ထုတ်ဝေ






**နေပြည်တော် မေ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားနှင့် မိန့်ခွန်းများ စုစုပေါင်း (၁၄) ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

ဧပြီလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည့် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပွဲတွင် “လက်ရှိအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါကြောင့်ဖြစ်ပေါ်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ကုစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း” ပြောကြားသည့် အမှာစကား၊ ဧပြီလ ၆ ရက်နေ့တွင်ကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲတွင် “ပညာသင်ကြားရေးနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံထားသည့် စာရင်းများအရ လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်း ရှိကြောင်း၊ အဆိုပါကျောင်းမနေဖူးသူများသည် ပြည်နယ်များမှ အများဆုံးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ပြည်သူပြည်သားများ ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာသင်ကြားရေးသည် လူမှုရေးကိစ္စဖြစ်ပြီး ပြည်သူများ စာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်းများ ပြုလုပ်ပေးရန်လိုကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ One Village၊ One Product ဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးမီစွာဖြင့် ထုတ်လုပ်စေလိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ပါက ခရီးသွားလုပ်ငန်းများနှင့် ပြည်ပပို့ကုန်များ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးရေးဇုန်နှင့် စက်မှုဇုန်များဖွင့်လှစ်၍ လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း” ပြောကြားသည့် အမှာစကားစသည့် အကြောင်းအရာများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားနှင့် မိန့်ခွန်းများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာ့မီးရထားနှင့် ဆိပ်ကမ်းများ ကြည့်ရှုစစ်ဆေး






**နေပြည်တော် မေ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယမန်နေ့တွင် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(အင်းစိန်)၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ(မလွှကုန်း)နှင့် သီလဝါဆိပ်ကမ်းရှိ ဆိပ်ကမ်းတံတားများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(အင်းစိန်) စက်ရုံခန်းမဆောင်၌ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒီဇယ်စက်ခေါင်းစက်ရုံ(အင်းစိန်) ခေတ္တစက်ရုံမှူးက စက်ရုံနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်း၍ စက်ရုံမှဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး အင်းစိန်စက်ခေါင်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်ဘူတာသို့ ရောက်ရှိပြီး အင်းစိန်ဘူတာအတွင်း ကြည့်ရှုစစ်ဆေးကာ RBE အထူးရထားဖြင့် အင်းစိန်ဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ လမ်းပိုင်းစစ်ဆေးစဉ် မင်္ဂလာဒုံဘူတာ၌ ဘူတာပြုပြင်တည်ဆောက်ထားမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ခေါင်းစက်ရုံ(မလွှကုန်း) စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် တိုင်းအမှတ်(၇)ရန်ကုန်မှ လက်ထောက်အထွေထွေမန်နေဂျာ(စက်မှု)က လုပ်ငန်းများဆောင်ရွက်မှုနှင့် အခက်အခဲများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ပေးရန်ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ပြီး စက်ရုံဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မလွှကုန်းစက်ခေါင်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဆိပ်ကမ်းရှိ မြတ်မေတ္တာမွန် စက်သုံးဆီဆိပ်ကမ်းတံတား၊ Myanmar International Terminal Thilawa (MITT) ဆိပ်ကမ်းတံတား၊ Myanmar CNTIC VPower(MCV)LNG ဆိပ်ကမ်းတံတား၊ Wilmar ကောက်ပဲသီးနှံနှင့် စားသုံးဆီဆိပ်ကမ်းတံတား၊ ပိတောက်ရွှေဝါ စက်သုံးဆီဆိပ်ကမ်းတံတား၊ Thilawa Multipurpose International Terminal (TMIT)ဆိပ်ကမ်းတံတားများနှင့် ဆက်စပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်များကို လိုက်လံပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုက်မဲသောလုပ်ရပ်များနှင့် ဝေးရာသို့ ....

မောင်ပြည်ချစ်

လောကလူ့ရွာတွင် လူကောင်းသူကောင်းကိုသာ လူအများက နှစ်သက်မြတ်နိုးတန်ဖိုးထားကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

လူကောင်းဆိုသည်မှာ မိမိ၏အကျိုးစီးပွားနှင့် ယှဉ်လာပါက တစ်ပါးသူ၏ အကျိုးစီးပွားကို အလေးထား အရေးပေးတတ်သူဖြစ်သည်။ ဆိတ်ကွယ်ရာအရပ်၌ပင် ဖြစ်စေကာမူ မကောင်းမှု ပြုလုပ်ရန် ရှက်သောသူ၊ မကောင်းမှုပြုလုပ်ရန် ကြောက်သောသူသည် လူကောင်းဖြစ်သည်။

**မိတ်ဆွေစစ်လေးမျိုးရှိ**

လူကောင်းသူကောင်းများသည် မိတ်ဆွေပေါ်များကာ အများ၏ချစ်ခင်ကိုးစားမှုနှင့် ယုံကြည်အလေးထားမှုများကို ရရှိမည်မှာ ကေန်မုချပင်ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် မိတ်ဆွေစစ်လေးမျိုးရှိသည်ဟု သတ်မှတ်ထားကြသည်။

**လက်ရှိကာလတွင် လူယုတ်မာများသည် နိုင်ငံ့အနာဂတ်ရင်သွေးငယ် လူမမည်ကလေးများ၏ ပညာရေးနှောင့်နှေးစေရန် စာသင်ကျောင်းများကို ဖုံးခွဲ၊ မီးရှို့အဖျက်လုပ်ရပ်များ လုပ်နေကြသည်မှာ လူယုတ်မာလူရမ်းကားများ၏ အတ္တကြီးစိုးသော အမိုက်မှောင်ဖုံးနေသည့် နိုင်ငံရေးအဆိပ်အတောက်များကြောင့် ဖြစ်ပါသည်။ ဆိုးသွမ်းမိုက်မဲ ယုတ်မာရမ်းကားသည့် ဝါဒမှိုင်းမိနေသော လူဗာလများသည် ယင်းတို့ ပြုလုပ်သောကံ ယင်းတို့သာ အနေးနှင့်အမြန် ခံနေကြရသည်ကို နေ့စဉ်သတင်းများက မြင်တွေ့ ကြားသိနေရ။**

ကျေးဇူးပြုတတ်သော၊ကောင်းသောစိတ်နှလုံး ရှိသည့် မိတ်ဆွေစစ်၊ ချမ်းသာအတူ ဆင်းရဲလည်း အတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ အကျိုးစီးပွားကို အစဉ်စောင့်ရှောက်တတ်သည့် စိတ်နှလုံးကောင်းရှိသည့် မိတ်ဆွေစစ်တို့သည် မိတ်ဆွေစစ် မိတ်ဆွေမှန်များ ဖြစ်ပါသည်။

လူလိမ္မာတို့မည်သည်မှာ တစ်ပါးသူ၏ အမှားကတစ်ဆင့် သင်ခန်းစာယူကြသည်။ လူမိုက်တို့မည်သည်မှာ ကိုယ်တိုင်အမှားက သင်ခန်းစာယူကြသည်။ လူမိုက်ထက် ပို၍မိုက်မဲသောသူတို့သည် ကိုယ်တိုင်မှားပါလျက်နှင့်ပင် သင်ခန်းစာမယူတတ်ကြဟု သတ်မှတ်ထားကြသည်။

လူဆိုး၊ လူမိုက်များကို လူ့ပတ်ဝန်းကျင်က အော့နှလုံးနာကြသည်။ မတတ်သာ၍သာ သည်းခံဆက်ဆံကြရသည့်သဘောရှိပါသည်။ ဆိုးသွမ်းသောအကျင့်စရိုက်ရှိပြီး စရိုက်အတိုင်း အထိန်းအကွပ် အဆင်အခြင်မဲ့စွာ ကျင့်သုံးသူ၊ ပါဠိလို ဗာလ (ဝါ) ဗာလနံ သူမိုက်ပညာအရည်အချင်း သိမ်ဖျင်းသူများဖြစ်ပြီး အမှားအမှန် ခွဲခြားမသိသူများကို ဆိုသည်။ သူမိုက်များမှာ လူဆိုးဖြစ်လွယ်ဖြစ်တတ်ကြသည်။ လူမိုက်ဖြစ်လျက် မိမိကိုယ်မိမိ ပညာရှိထင်နေသူကိုမူ မိမိမိုက်ကြောင်း နားမလည်သောကြောင့် တကယ့်ပညာမဲ့လူမိုက်ဟု သတ်မှတ်ကြမည်ဖြစ်သည်။

**အပြစ်မဲ့လူငယ်ကလေးအရွယ်များ**

အပြစ်မဲ့လူငယ်ကလေးအရွယ်များ ပညာသင်ကြားခြင်းသည် လူကောင်းသူကောင်း ဖြစ်စေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ လူဆိုးလူမိုက်များ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးမှုလည်းဖြစ်သည်။ ဤအခြေခံကောင်းကျိုးပြုလုပ်ငန်းစဉ်ကို နည်းလမ်းမျိုးစုံဖြင့် တရားလက်လွတ် ဖုံးခွဲ၊ မီးရှို့အဖျက်လုပ်ငန်းအမျိုးမျိုး လုပ်နေကြသူများသည် လူဆိုးလူမိုက်ထက်ပင် ဆိုးရွားသော လူယုတ်မာအကြီးစားများပင်ဖြစ်သည်။

လူယုတ်မာတို့မည်သည် မိမိအကျိုးစီးပွားနှင့် ယှဉ်လာပါက မိမိအပေါ်တွင် ကျေးဇူးရှိခဲ့ဖူးသည်ကိုပင် စာနာထောက်ထားမှုမရှိဘဲ အရာအားလုံး ဖျက်ဆီးတတ်သူဖြစ်သည်။ လူဆိုး၊ လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံ၍ ရကောင်းရနိုင်သော်လည်း လူယုတ်မာတို့နှင့်မူ ပေါင်းသင်းဆက်ဆံခြင်းမပြုရုံမျှမကဘဲ လူယုတ်မာများကို လူကောင်းသူကောင်းများက ဝိုင်းဝန်းဖော်ထုတ်ပြီး လူယုတ်မာနှင့် ထိုက်တန်သည့် အရေးယူမှုများခံရစေရန် ပူးပေါင်းပါဝင်ကြရမည် ဖြစ်ပါသည်။

လက်ရှိကာလတွင် လူယုတ်မာများသည် နိုင်ငံ့အနာဂတ်ရင်သွေးငယ် လူမမည်ကလေးများ၏ ပညာရေးနှောင့်နှေးစေရန် စာသင်ကျောင်းများကို ဖုံးခွဲ၊ မီးရှို့အဖျက်လုပ်ရပ်များလုပ်နေကြသည်မှာ လူယုတ်မာလူရမ်းကားများ၏ အတ္တကြီးစိုးသော အမိုက်မှောင်ဖုံးနေသည့် နိုင်ငံရေးအဆိပ်အတောက်များကြောင့် ဖြစ်ပါသည်။ ဆိုးသွမ်းမိုက်မဲ ယုတ်မာရမ်းကားသည့် ဝါဒမှိုင်းမိနေသော လူဗာလများသည် ယင်းတို့ပြုလုပ်သောကံ ယင်းတို့သာ အနေးနှင့်အမြန် ခံနေကြရသည်ကို နေ့စဉ်သတင်းများက မြင်တွေ့ကြားသိနေရပါသည်။

ရန်ငြိုးရန်စမရှိသော အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ရန်ရှာလိုသော လူယုတ်မာများ ဖုံးခွဲ၊ မိုင်းထောင်ရန် ကြံစည်အားထုတ်မှုများကိုလည်း ခပ်စိပ်စိပ် တွေ့လာမြင်လာရပါသည်။ အပြစ်မရှိသောပြည်သူများ ဒုက္ခမဖြစ်မီ ယင်းတို့၏ မိုက်မဲသော အကုသိုလ်ကံက ယင်းတို့ထံ အမြန်ရောက်ရှိကာ စမ်းသပ်ချိန်ပေါက်ကွဲ၍ သေကျေဒဏ်ရာရကြသည်များ ဖြစ်နေကြပေသည်။ အများအတွက်လည်း အကျိုးမရှိ၊ ကိုယ်တိုင်လည်း ဒုက္ခသုက္ခများစေသော လုပ်ရပ်များကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ မိုက်မိုက်ကန်းကန်း လုပ်နေကြသူ လူရမ်းကားများကို ကာကွယ်ပေးနေခြင်းသည် မိမိတို့၏ ရန်စွယ်အန္တရာယ်ကို မွေးမြူဖိတ်ခေါ်ပေးနေခြင်းပင် ဖြစ်ပါသည်။

**အေးချမ်းပျော်ရွှင်သော လူနေမှုဘဝ**

အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ စာသင်ကျောင်းများ၊ ရုံးများ၊ လမ်းများ၊ ရပ်ကွက်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူနေမှုဘဝများ ပုံမှန်မဖြစ်စေဘဲ ကျီးလန့်စာစားဖြစ်အောင် ဖန်တီးနေကြသော လူယုတ်မာများကို ဖော်ထုတ်အရေးယူနိုင်ရေးသည် လူတိုင်းတွင် တာဝန်အပြည့်အဝ ရှိပါသည်။ သို့မှသာလျှင် မိမိတို့ ရပ်ရွာအေးချမ်းသာယာပြီး မိမိတို့၏ လူမှုရေး၊ စီးပွားရေးနှင့် နေ့စဉ်ဘဝများ ပုံမှန်လည်ပတ်ဖြတ်သန်းနိုင်ကြမည်ဖြစ်ပါသည်။ လူတိုင်းလူတိုင်း ကောင်းမွန်တည်ငြိမ်အေးချမ်းပျော်ရွှင်သော လူနေမှုဘဝကို ပိုင်ဆိုင်ဖြတ်သန်းလိုကြပါသည်။

ထိုသို့ ပျော်ရွှင်သာယာ အေးချမ်းတည်ငြိမ်သော လူမှုအသိုက်အဝန်း ထူထောင်နိုင်မှသာ တိုးတက်ကြီးပွားချမ်းသာသော လူထုလူတန်းစားများ ပေါ်ပေါက်လာကြမည် ဖြစ်ပါသည်။ ကြီးပွားချမ်းသာသော တိုးတက်ပျော်ရွှင်သော လူမှုပတ်ဝန်းကျင် ပေါ်ထွန်းရေးတွင် မိမိကစ လူကောင်းသူကောင်းဖြစ်ရေးက အစပထမ အဓိကကျသော အကြောင်းတရားဖြစ်ပါသည်။ လူကောင်းသူကောင်းများ ပေါများလာပါမှ ကိုယ်ချမ်းသာ စိတ်ချမ်းသာသော လူမှုပတ်ဝန်းကျင်ကို ထူထောင်နိုင်ကြမည် ဖြစ်ပါသည်။

လိမ္မာယဉ်ကျေးသော လူကောင်းသူကောင်းများသည် ရပ်ရွာသာယာအေးချမ်းရေးအတွက် လူမှုသားကောင်းသမီးမွန်များဖြစ်ပါသည်။ ဆိုးသွမ်းမိုက်မဲသော အဖျက်အမှောင့်နောက် အကျိုးမဲ့စွာ လိုက်ပါနေသော လူမိုက်လူရမ်းကား၊ လူယုတ်မာများသည် ပစ္စုပ္ပန်အတွက်လည်း ကျက်သရေမရှိ၊ သမိုင်းကြောင်းတွင်လည်း အော့နှလုံးနာ လူမပီသသော အရိုင်းအစိုင်းများအဖြစ် သတ်မှတ်ခံကြရကာ လူယုတ်မာများနှင့် ပတ်သက်ဆက်နွှယ်သမျှ သောက ဒုက္ခဗျာပါဒများ ခံစားရရှိစေမည်သာ ဖြစ်ပါသည်။

လူမိုက်လူဆိုး လူရမ်းကားများကို မွေးထုတ်ပုံဖော်ပေးနေသော လူယုတ်မာအကြီးစားများ၏ တရားလက်လွတ် ဥပဒေမဲ့ ပြောဆိုပြုမူလုပ်ကိုင်နေမှုများကို သဘာဝကျကျ အမှန်တရားရှုထောင့်များက မြင်အောင်ကြည့်ကြပြီး နားလည်နိုင်ကြဖို့သည် အထူးအရေးကြီးသော အချိန်ကာလကို ရောက်ရှိနေပြီဖြစ်ပါသည်။ စိတ်ကူးယဉ် စီမံချက်များဖြင့် မဖြစ်နိုင်သော မက်လုံးပေး မျှော်လင့်ချက်များနောက်သို့ မိမိတို့၏ အသိနုနယ်သော ကလေးလူငယ်များ မလိုက်ပါ မမိုက်မှားမိကြစေရေးမှာ အားလုံးက ဝိုင်းဝန်းထိန်းကျောင်းကြရမည့် ပြည်သူ့တာဝန်ပင် ဖြစ်ပါသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်ကြမည့် လူမမည်လေးများတွင် လူကောင်းစိတ် သူကောင်းစိတ်များ ကိန်းအောင်းအမြစ်တွယ်ရေးသည် တိုင်းပြည်နိုင်ငံအတွက် အခြေခံကျသော နိုင်ငံတည်ဆောက်မှုတစ်ခုဖြစ်ပါသည်။ လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန်ယူကြမည့်အနာဂတ်၏ နိုင်ငံ့ခေါင်းဆောင်များဖြစ်လာကြမည့် တန်ဖိုးရှိသော လူငယ်လူရွယ်များ ပညာပြည့်ဝ နှလုံးလှကြစေဖို့ လူဆိုး၊ လူမိုက် လူရမ်းကား၊ လူယုတ်မာများ မဖြစ်စေရေးကို ရိုးရှင်းသောအမြင် မျှတသောတရားအတွေးများဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်တည်ဆောက်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ စာသင်ကျောင်းများ၊ ရုံးများ၊ လမ်းများ၊ ရပ်ကွက်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူနေမှုဘဝများ ပုံမှန်မဖြစ်စေဘဲ ကျီးလန့်စာ စားဖြစ်အောင် ဖန်တီးနေကြသော လူယုတ်မာများကို ဖော်ထုတ်အရေးယူနိုင်ရေးသည် လူတိုင်းတွင် တာဝန်အပြည့်အဝရှိပါသည်။ သို့မှသာလျှင် မိမိတို့ ရပ်ရွာအေးချမ်းသာယာပြီး မိမိတို့၏ လူမှုရေး၊ စီးပွားရေးနှင့် နေ့စဉ် ဘဝများ ပုံမှန်လည်ပတ်ဖြတ်သန်းနိုင်ကြမည်ဖြစ်ပါသည်။ လူတိုင်း လူတိုင်း ကောင်းမွန်တည်ငြိမ်အေးချမ်းပျော်ရွှင်သော လူနေမှုဘဝကို ပိုင်ဆိုင်ဖြတ်သန်းလိုကြ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဇွန် ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID–19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့်အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၁–၅–၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၀–၄–၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်–

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄–၃–၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈–၃–၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID–19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်

## ပြည်ထောင်စုဝန်ကြီးများ ကရင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာဌာနများအလိုက် လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် ဘားအံတက္ကသိုလ်သို့သွားရောက်၍ ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအားတွေ့ဆုံကာ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် နိုင်ငံ၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားသည်။ ထို့နောက် ကျောက်ကပ်အထူးကုခန်းတွင် ကုသဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု၍ ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ကရင်ပြည်နယ် လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အဆောက်အဦဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် သွားရောက်တွေ့ဆုံ၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်များအလိုက် လုပ်ငန်းအောင်မြင်အောင် စနစ်တကျ ဆောင်ရွက်ကြရန်နှင့် လမ်းများအရည်အသွေးပြည့်မီကောင်းမွန်အောင် လုပ်ဆောင်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် သုံးထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး မိုးကြိုကာလနှင့် မိုးဦးကာလတွင် ဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ဖြန့်ခွဲထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုသိုလှောင်ရုံရှိ ဂိုဒေါင်များအတွင်း ကယ်ဆယ်ရေးပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ သိုလှောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဗဟိုသိုလှောင်ရုံ(မန္တလေး) အပါအဝင် သိုလှောင်ရုံများတွင် Warehouse Management ကို Software အသုံးပြု၍ ဆောင်ရွက်နိုင်ပါက အချက်အလက်များ ပိုမိုမြန်ဆန်မှန်ကန်စွာ သိရှိနိုင်ခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဆောင်ရွက်နိုင်ပြီး အချိန်ကုန်သက်သာခြင်း၊ ပစ္စည်းများ လက်ခံဖြန့်ဖြူးရာတွင် ပိုမိုလွယ်ကူချောမွေ့ခြင်းနှင့် ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန(မန္တလေး)၊ အမျိုးသမီးလေးများ သင်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းများသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ယူလုပ်ကိုင်နေမှုအခြေအနေများ၊ စားသောက်နေထိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၅-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀-၆-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ရုံးလုပ်ငန်းသုံးကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် မေ ၃၁**

စားသုံးသူရေးရာဦးစီးဌာန၏ ရုံးသုံးကွန်ပျူတာသင်တန်းအမှတ်စဉ် (၂/၂၀၂၁)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မိမိတို့ဝန်ကြီးဌာနသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ရသော ဝန်ကြီးဌာနဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်နေရသည့် စားသုံးသူပညာပေးရေးလုပ်ငန်းများ၊ အွန်လိုင်းမှတစ်ဆင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး၊ Product Safety ဆိုင်ရာလုပ်ငန်းများ၊ အာဆီယံစားသုံးသူကာကွယ်ရေးလုပ်ငန်းများအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် ပြည်တွင်း ပြည်ပကုန်သွယ်မှုနှင့် အရည်အသွေး စီမံခန့်ခွဲသည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စနစ်အသွင်ကူးပြောင်းမှုနှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနအချင်းချင်း၊ အစိုးရနှင့်ပြည်သူအကြား၊ အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအကြား ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ရာ ကွန်ပျူတာ ကျွမ်းကျင်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ ကျွမ်းကျင်မှုများ ပြည့်ဝရန်အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းတို့က ဖြည့်စွက်မှာကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၄ ဦးတက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တပတ် လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ပျူတာသင်တန်းခန်းမနှင့် မူပိုင်ခွင့်ဦးစီးဌာန၏ရုံးခန်းများဖွင့်လှစ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တောင်ငူမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ငူ မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်းသည် ယမန်နေ့က တောင်ငူမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာ ၁၅ ရွာအနက် ပဲချက်ကုန်းကျေးရွာအုပ်စု ထန်းပင်ကောက်ကျေးရွာတွင် စီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းအား မူလက အရှည် ပေ ၉၅၀၊ အကျယ် ၁၀ ပေ၊ ဒု ၆ လက်မ ဆောင်ရွက်ရန်ရည်ရွယ်ထားသော်လည်း ကျေးရွာသူ ကျေးရွာသားများ၏ စည်းလုံးညီညွတ်မှု၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်တတ်မှုများကြောင့် ကျေးရွာတွင်းလမ်းအရှည်ပေ ၂၈၀၀ အထိ ဆောင်ရွက်ပြီးစီးနိုင်ခဲ့မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးကျေးလက်ဦးစီးမှူးသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံပြီး ရှေ့ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယခုကဲ့သို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်၊ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်၊ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်လိုသောစိတ်ဓာတ်များထားရှိရန်နှင့် ဆောင်ရွက်ပြီးသောလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

နေလင်း

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

## လယ်ယာကုန်ထုတ် သမဝါယမအသင်းများ ဥပဒေနှင့်အညီ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေး လိုအပ်သောကူညီမှုများ စီမံဆောင်ရွက်ပေးမည်



**နေပြည်တော် မေ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၂၉ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအုပ်စု၌ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရေတာရှည်မြို့နယ် ဇမန်းသာကျေးရွာနှင့် တောင်ငူမြို့နယ် ဘုရားနှစ်ဆူ (အရှေ့ရွာ)များတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP)ဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းခွင်များကိုလည်းကောင်း၊ တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာရှိ ပုဂ္ဂလိက ဥစားကြက် မွေးမြူရေးခြံတွင် နေရောင်ခြည်စွမ်းအင်သုံး အအေးခန်းစနစ်ဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တောင်ငူမြို့ ကေတုမတီ ငါးနှင့်ကြက်မွေးမြူရေးကုန်ထုတ်သမဝါယမအသင်းလီမိတက်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက စဉ်ဆက်မပြတ် တိုးတက်အောင်မြင်သော ငါးကုန်ထုတ်အသင်းတစ်သင်းအဖြစ် ရေရှည်ရပ်တည်နိုင်ရေး၊ မျိုးဆက်သစ်လူငယ်များအား လေ့ကျင့်ပညာပေးမှုဖြင့် လက်ဆင့်ကမ်းတာဝန်ပေးအပ်နိုင်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် ဖြူးမြို့နယ် ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ညောင်ပင်သာခြံ)သို့ ရောက်ရှိကြရာ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဒေသနှင့်သင့်လျော်သည့် အထွက်ကောင်း ကြံမျိုးများရွေးချယ်ရန်၊ မျိုးကောင်းမျိုးသန့် ကြံမျိုးများ ထိန်းသိမ်းပွားများ၍ ကြံတောင်သူများအား ဖြန့်ဝေပေးရန်၊ ကြံစိုက်တောင်သူများ၏ စိုက်ကွင်းအရောက် စဉ်ဆက်မပြတ်ကွင်းဆင်း၍ ပြောင်းလဲတိုးတက်လာသော နည်းပညာများ ဖြန့်ဝေပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပမည်

**နေပြည်တော် မေ ၃၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ဒုတိယအကြိမ် ဒုတိယအစည်းအဝေးက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲများကို ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်မှ နယုန်လဆန်း ၄ ရက်၊ ဇွန် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီတို့၏ ခွင့်ပြုချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသော COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အဆိုပါ စာမေးပွဲများကို ဇွန် ၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်း ၃ ကျမ်း၊ မြန်မာဂုဏ်ထူး ၇ ကျမ်းနှင့် ပါဠိဂုဏ်ထူး ၃ ကျမ်းတို့ကို ဖြေဆိုရမည်ဖြစ်ပြီး ဇွန် ၁ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၅၉ ဌာနတို့၌လည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲတွင် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို ဖြေဆိုရမည်ဖြစ်ပြီး ဇွန် ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌လည်းကောင်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါရက်နေ့များတွင် ကျင်းပမည့် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးစီးအဖွဲ့ (၁၁)ဖွဲ့ ဖွဲ့စည်းကာ သက်ဆိုင်ရာ စာဖြေဌာနအသီးသီးသို့ လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်များနှင့် စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူတော်ငွေ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဆရာကြီး ကာတွန်းမောင်စိန်၏ နံရံပေါ်မှ ရုပ်ပြောင်များ ကာတွန်းလက်ရာများကို မူရင်းအတိုင်းဖော်ပြပါသည်။ စာတည်း




## ပုသိမ်-ဟင်္သာတလမ်းပိုင်း၌ အမှတ်(၁၈၇)အဆန် အမှတ်(၁၈၈)အစုန် လော်ကယ်ရထားပြေးဆွဲ

**နေပြည်တော် မေ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွား မိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယခုထပ်မံ၍ ပုသိမ် - ဟင်္သာတ လမ်းပိုင်း၌ အမှတ်(၁၈၇)အဆန်၊ အမှတ်(၁၈၈)အစုန် လော်ကယ်ရထားကို ယနေ့မှစ၍ ပြန်လည်ပြေးဆွဲလျက်ရှိသည်။

အဆိုပါ အမှတ်(၁၈၇)အဆန် လော်ကယ်ရထားသည် ပုသိမ်ဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ဟင်္သာတဘူတာသို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ယင်းလော်ကယ်ရထားကို ဇွန် ၁ ရက်တွင် အမှတ်(၁၈၈)အစုန်လော်ကယ်ရထားအဖြစ် ဟင်္သာတဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ပုသိမ်ဘူတာသို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်တစ်ရက်၊ အဆန်တစ်ရက် ပြေးဆွဲပေးရန်စီစဉ်ထားရှိပြီးဖြစ်သည်။

တွဲဖွဲ့ဆင်မှုအနေဖြင့် ရိုးရိုးတန်း လေးတွဲ၊ ကုန်တင်တွဲ တစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲ စုစုပေါင်း ခြောက်တွဲဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဘူတာစဉ်ရပ်တန့်ပေးသွားမည်ဖြစ်သည်။ ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာဘူတာအသီးသီးတွင် ကြေညာထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် မေ ၃၁**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၅ ဒသမ ၃၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၇ ဒသမ ၈၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၃ ဒသမ ၁၇ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၃ ဒသမ ၈၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၁၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၂ ဒသမ ၉၆ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃၂၆ ဒသမ ၁၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှု ပိုငွေမှာ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၂၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၉၅ ဒသမ ၅၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၂၈ ဒသမ ၆၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၂၄ ဒသမ ၂၆ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၉၂ ဒသမ ၂၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၂ ဒသမ ၉၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၈၅ ဒသမ ၁၄ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၆၀၉ ဒသမ ၄၀ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၁၂ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

## အရာတော်မြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် ပေ ၁၀၀ အရှည်ရှိ ဘေလီတံတား ရာနှုန်းပြည့်ပြီးစီး

**မုံရွာ မေ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် လမ်း/တံတား လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၂၉ ဒသမ ၆၃၇ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ခင်သာကျေးရွာနှင့် ရှောက်ခါးကျေးရွာအား ဆက်သွယ်သည့် ပေ ၁၀၀ အရှည်ရှိ ဘေလီတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများအား စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဦးဝင်းချိုနှင့် တာဝန်ရှိသူများက ယနေ့တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။



### များစွာအကျိုးပြုမည်

အဆိုပါ ဘေလီတံတားမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သဖြင့် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၊ အိမ်ခြေ ၁၀၁၈ အိမ်၊ လူဦးရေ ၄၂၈၇ ဦးတို့အတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**ငွေကြယ်**

ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ဂျပန်နိုင်ငံက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ရှိသူများအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုရန် ခွင့်ပြုပေးမည်




**တိုကျို မေ ၃၁**

ဂျပန်နိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုများအရ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ရှိသူများအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် အကျိုးရှိထိရောက်ပြီး ဘေးကင်းလုံခြုံမှုရှိကြောင်းလည်း သိရသည်။

အဆိုပါ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အကျိုးရှိထိရောက်မှုနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အချက်အလက်များကို လက်ခံရရှိခဲ့ပြီးနောက် ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ရှိသူများအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄ ဒသမ ၈၃ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မေ ၃၁**

အာဖရိကတိုက်၌ မေ ၃၁ ရက်အထိ ကိုဗစ် -၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၈၃ သန်းကျော်ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ဥရောပသမဂ္ဂ၏ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၀၄၅၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၃၆၅၂၂၇ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၅၉၀၇၀ ဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးနိုင်ငံအဖြစ်ရပ်တည်လျက်ရှိပြီး ၎င်းနောက်တွင် မော်ရိုကိုနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၅၁၉၁၀၈ ဦး၊ တူနီးရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၄၆၈၈ ဦး စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဖြစ်ပြီး ဗဟိုအာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအနည်းဆုံးဒေသဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅ ဒသမ ၀၇ သန်းရှိလာ

**မော်စကို မေ ၃၁**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၇၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၅၀၇၁၉၁၇ ဦးရှိလာကြောင်း ရုရှား နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက မေ ၃၁ ရက်တွင် ပြောကြားသည်။

အလားတူ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၂၁၅၀၁ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာ သဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၇၁၅ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၆၈၄၅၈၅ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၁၄ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၇၉၉၇၀ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် မေ ၃၀ ရက်အထိ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၈၃၆၅၀၈၂ လုံး အသုံးပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၀၀ ကျော်ရှိ

**တီဟီရန် မေ ၃၁**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၄၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၉၁၃၁၃၆ ဦးရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မေ ၃၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၇ ဦးရှိခြင်းကြောင့်လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၀၁၅၆ ဦးရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အီရန်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၂၄၅၈၆၈၄ ဦးရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါလူနာ ၄၁၆၀ ရှိကြောင်း အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၃၆၄၃၃၅၆ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၅၂၂၇၀၇ ဦးရှိကြောင်း သိရသည်။ အီရန်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီအတွင်းက ပထမဆုံးကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စတင်တွေ့ရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၈ သန်းကျော် ရှိလာ

**နယူးဒေလီ မေ ၃၁**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၂၇၃၄ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၈၀၄၇၅၃၄ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၂၈ ဦးကို ထပ်မံတွေ့ရှိရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၉၁၀၀ ရှိလာသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာ ၂၀၂၆၀၉၂ ဦးပြီး ၂၅၆၉၂၃၄၂ ဦးမှာ ရောဂါမှကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။

နိုင်ငံအတွင်း ဇန်နဝါရီ ၁၆ ရက်မှစတင်၍ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၂၁၃ သန်းကျော်ကို ထိုးနှံပေးနိုင်ခဲ့သည်။

နိုင်ငံအတွင်း လက်ရှိအချိန်တွင် ဆောင်ရွက်နေသော တတိယအဆင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းတွင် အသက် ၁၈ နှစ်နှင့်အထက်ရှိ နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံပေးရာတွင် အိန္ဒိယနိုင်ငံထုတ် ကာကွယ်ဆေးများဖြစ်သော Covishield၊ Covaxin နှင့် ရုရှားနိုင်ငံထုတ် Sputnik-V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြုလျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**





# ဗီယက်နမ်နိုင်ငံမှ လေယာဉ်ခရီးသည်များကို သီရိလင်္ကာနိုင်ငံအတွင်း ဝင်ရောက်ခွင့် ခေတ္တပိတ်ပင်ထားမည်

**ကိုလံဘို မေ ၃၁**
ဗီယက်နမ်နိုင်ငံ၌ ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ မျိုးစိတ်သစ်တစ်မျိုး ပြန့်ပွားနေသဖြင့် ဗီယက်နမ်နိုင်ငံမှလာသည့် လေယာဉ်ခရီးသည်များကို သီရိလင်္ကာနိုင်ငံအတွင်း ဝင်ရောက်ခွင့် ခေတ္တပိတ်ပင်ထားမည်ဖြစ်ကြောင်း သီရိလင်္ကာလေကြောင်း ပျံသန်းမှုအုပ်ချုပ်ရေးအဖွဲ့က ယနေ့ပြောကြားသည်။

နိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် နိုင်ငံတကာမှလေယာဉ်ခရီးသည်များအား ဇွန် ၁ ရက်တွင် စတင်ဝင်ရောက်ခွင့်ပြုမည်ဖြစ်သော်လည်း ဗီယက်နမ်နိုင်ငံမှ လေယာဉ်ခရီးသည်များကိုမူ နောက်ထပ်ညွှန်ကြားချက်တစ်စုံတစ်ရာ မထုတ်ပြန်မီအချိန်အထိ နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်ထားမည်ဖြစ်ကြောင်း သီရိလင်္ကာလေကြောင်း ပျံသန်းရေးနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒီဗ္ဗီချာနာကာက သတင်းထောက်များအား ပြောကြားသည်။

၎င်းကဲ့သို့ နိုင်ငံအတွင်းဝင်ရောက်ခွင့် ကန့်သတ်သူများတွင် ဗီယက်နမ်နိုင်ငံသို့ လွန်ခဲ့သော ၁၄ ရက်အတွင်းက သွားရောက်ခဲ့သူများပါဝင်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ မျိုးစိတ်သစ်တစ်မျိုးပြန့်ပွားနေသဖြင့် ယခုကဲ့သို့သော တားမြစ်ချက်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဒီဗ္ဗီချာနာကာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ တားဆီးရန် လေကြောင်း ခရီးစဉ်များအား မေ ၂၁ ရက်မှစတင်၍ ပိတ်ပင်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားလျက်ရှိပြီး မေလမှစတင်၍ ဗီဇပြောင်း ဗိုင်းရပ်စ်တစ်မျိုးသည် နိုင်ငံသား ၆၀၀၀၀ကျော်အား ကူးစက်ခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

## ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၇၁၀၉၆၆၇၈ ဦး |
| သေဆုံးသူ | ၃၅၅၈၂၂၇ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၅၃၂၄၄၃၆၁ ဦး |

# အင်ဒိုနီးရှားနိုင်ငံက တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်မံလက်ခံရရှိ

**ဂျကာတာ မေ ၃၁**
အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အများအပြား ထပ်မံလက်ခံရရှိခဲ့ကြောင်း အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းဝန်ကြီး အဲရစ်သိုဟီရ်က ယနေ့ပြောကြားသည်။ "အင်ဒိုနီးရှားပြည်သူတွေ အသုံးပြုဖို့ တရုတ်နိုင်ငံမှ ရောက်ရှိလာတဲ့ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဒီနေ့ကျွန်တော်တို့ လက်ခံရရှိထားပါတယ်" ဟု သိုဟီရ်က ဘန်တင်ပြည်နယ် ဆူကာနိုဟတ္တာ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထည့်သွင်းပြောကြားသည်။ ဝန်ကြီး သိုဟီရ်သည် အင်ဒိုနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရေးနှင့် စီးပွားရေးပြန်လည်ဦးမော့ရေး ကော်မတီ အမှုဆောင်ဥက္ကဋ္ဌ တာဝန်ကိုလည်း ပူးတွဲထမ်းဆောင်နေသူတစ်ဦး ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၂၆ ဒသမ ၉ သန်းခန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီးဖြစ်ရာ အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုနှုန်း အများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာကြောင်း ဝန်ကြီးက မှတ်ချက်ပြုလိုက်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုနယ်ပယ်၌ အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏နောက်တွင်နောက်ကျကျန်ရစ်ခဲ့သော်လည်း လူဦးရေသန်း ၂၇၀ ကျော်နေထိုင်သည့် အင်ဒိုနီးရှားနိုင်ငံသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှုအစီအစဉ်ကို ဆက်လက် တိုးချဲ့လာလိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် အထောက်အကူပြုမည်ဖြစ်သလို အမျိုးသားစီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း အရှိန်မြှင့်စေမည်ဖြစ်ကြောင်း ဝန်ကြီးက ဆိုသည်။




အင်ဒိုနီးရှားအစိုးရသည် တရုတ်ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အင်ဒိုနီးရှားပိုင်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Bio Farm ကုမ္ပဏီတွင် အဆင့်မြှင့်တင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၈၁ ဒသမ ၅ သန်းအား ယနေ့ထပ်မံလက်ခံရရှိခဲ့ခြင်းနှင့်အတူ အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေစုစုပေါင်း ၉၂၉၁၀၅၀၀ ခန့် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဂျေတီ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၀ ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၃၁**
တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သော တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၀ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၀၃၄၀ ရှိလာသည်။

နိုင်ငံအတွင်း ယမန်နှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ မြို့တော်ဆိုးလ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဂျောင်ဂီပြည်နယ်တို့တွင် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း လွန်ခဲ့သော ရက်များ၌ နေ့စဉ်ရောဂါ ကူးစက်ခံရသူ အရေအတွက် ၄၈၀ အောက်ကျဆင်းခဲ့သည်။

ယခု နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများတွင် ၁၂၉ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ပြီး ၁၂၇ ဦးမှာ ဂျောင်ဂီပြည်နယ်မှဖြစ်ကြောင်းနှင့် ပြည်ပမှ ပြန်လာသူများအနက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉ ဦး ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၅၉ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၀၈၂၃ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သော ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ လက်ရှိအချိန်အထိ နိုင်ငံသား ၂၁၄၃၃၈၅ ဦးအား ကာကွယ်ဆေး အကြိမ်ရေအပြည့် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# တောင်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်း သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက် ညနေ ၅ နာရီတွင် တောင်ကြီးမြို့နယ် တောင်ကြီး – မိုင်းပျဉ်းသွား ကားလမ်း ကောင်းခါးကျေးရွာအနီးတွင် ရှောင်တခင် စစ်ဆေးရေး ဆောင်ရွက်နေစဉ် မိုင်းပျဉ်းမှ တောင်ကြီးသို့ မောင်းနှင်လာသည့် Vigo မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ မလွတ်နိုင်သည့် အခြေအနေရှိသောကြောင့် တောင်ကြီးမြို့နယ် ကောင်းခါးကျေးရွာနှင့် ၁၅ မိုင်ခန့်အကွာ တောစပ်တွင် ယာဉ်အားရပ်တန့်၍ တောအတွင်း ထွက်ပြေး တိမ်းရှောင်သွားကြောင်း၊ ယာဉ်အားရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်





# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် တာချီလိတ်မြို့နယ် မိုင်းကိုး–ဖန်မင်သွားကားလမ်း ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖြိုးထွေးအောင်(ခ) ကိုငယ် မောင်းနှင်ပြီး ဟိန်းမင်းသူ(ခ)သားငယ် လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၁ နာရီတွင် တာချီလိတ်မြို့နယ် ဟိုပုံကျေးရွာနေ စိုင်းအက်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၈ ပြားကို လည်းကောင်း။

အလားတူ မေ ၂၉ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရွှေညောင်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် မိုင်းသော်(အရှေ့) ကျေးရွာအုပ်စု ဟက်ကယ်ကျေးရွာအနီးတွင် စိန်ဝင်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း။

ထို့အတူ မေ ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်တုန်းမြို့ နယ် ရန်ကုန်–ပုသိမ်သွား ကားလမ်း အရွဲ့ကျေးရွာ ပန်တိုင်စစ်ဆေးရေးဂိတ်တွင် လက်ပွား(ခ) အောင်ဇော်မိုး မောင်းနှင်ပြီး ချစ်တာ(ခ)သက်ဦးနောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၈ ပြားကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၁၁ နာရီခွဲတွင် ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအနီး၌ ကျော်ကြီး(ခ)ကျော်ကျော်ဆိုင်အား ဆိုင်ကယ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



စိန်ဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်၌ စက်ရုံဂိုဒေါင် မီးလောင်

**နေပြည်တော် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ "ပွင့်လှ" ဆေးဖျန်းပုံး စက်ရုံရှိ Steel Structure တစ်ထပ်ဂိုဒေါင် အဆောက်အအုံအတွင်း စုပုံထားသောပလတ်စတစ် သရက်သီးခြင်းများပေါ်သို့ ဝရိန်ဆော်သည့် မီးပွားကျ၍ မီးကူးစက်လောင်မှုဖြစ်ပွားရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တပ်ဖွဲ့ဝင် များသည် အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးငြိမ်းသတ်ယာဉ်ကိုးစီး၊ မီးသတ်ရေသယ်ယာဉ်လေးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြသည်။



မီးလောင်မှုကြောင့် ဂိုဒေါင်အဆောက်အအုံ၏ အကာသွပ်ပြား အနည်းငယ်နှင့် ပလတ်စတစ်သရက်သီးခြင်း ၁၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မန်နေဂျာ ဦးမောင်စိန်အား ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အောင်မျိုး




## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ် (၁)

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စအဆင်မပြေသောကြောင့်သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- စိတ်ကျရောဂါဖြစ်ခြင်း
- မှတ်ဉာဏ်ချို့ယွင်းခြင်း
- အာရုံစူးစိုက်မှုလျော့ပါးလာခြင်း
- မိမိကိုယ်ကို သေကြောင်းကြံခြင်း
- မိမိမိသားစုနှင့် မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှု လျော့နည်းလာခြင်း
- ပြင်းထန်စွာ စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**
**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ပါ။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ရွှေမျှော်ကျေးရွာ ဂျာနယ်
ထွက်ရှိ

၁-၆-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၁၁)တွင်
- မိုးစပါးနှင့် ယာသီးနှံပေါင်းမြက် အချိန်မီကာကွယ်နှိမ်နင်းခြင်း
- မြေပဲအထွက်နှုန်းအပေါ် ရာသီဥတုနှင့် စိုက်ပျိုးချိန်၏ လွှမ်းမိုးနေမှုအား စီမံခြင်း
- မေထုန်မဲ့သားစပ်ခြင်းအကြောင်း လေ့လာသိရှိထားသင့်သည့် အချက်များ
- တိရစ္ဆာန်များတွင် ဖြစ်တတ်သော ခွာနာလျှာနာရောဂါအတွက် ဆေး
- လူငယ်များနှင့် ဆေးရွက်ကြီးအန္တရာယ်
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် ကမ္ဘာကြီးကို ကာကွယ်ကြမည်
အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။



တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၇၉၀၃၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၈၈၇၄၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၉၅၂၇၂ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၅၆၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၃၈၉၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | လားရှိုးမြို့နယ် | ၁၄၅ | ၂၂၀၃၉၉ | ၁၃၈၉၆၅ | ၅၂၉၃၁ | ၁၁၀၃ | ၁၄၉၀၂ |
| ၂ | လင်းခေးမြို့နယ် | ၃၉ | ၂၆၄၅၃ | ၄၀၆၁၄ | ၁၅၃၀ | ၅၁ | ၁၅၆၄ |
| ၃ | လဲချားမြို့နယ် | ၃၆ | ၃၉၆၈၄ | ၂၉၃၆၄ | ၉၄၁၅ | ၆၆ | ၁၇၉၀ |
| ၄ | ဟိုပန်မြို့နယ် | ၄၃ | ၂၂၆၁၇ | ၂၂၃၈၁ | ၄၆၂၆ | ၁၇၈ | ၁၉၆၂ |
| ၅ | နမ့်ခမ်းမြို့နယ် | ၁၁၅ | ၈၆၆၃၄ | ၈၁၀၅၁ | ၁၀၃၂၂ | ၉၆၀ | ၁၀၅၅၄ |
| ၆ | လောက်ကိုင်မြို့နယ် | ၂၉ | ၅၆၀၆၁ | ၃၀၂၉၀ | ၁၆၂၃၆ | ၂၁၀ | ၃၀၅၈ |
| ၇ | မိုင်းယောင်းမြို့နယ် | ၆၈ | ၂၇၁၉၁ | ၄၆၀၈၀ | ၂၁၂ | | ၆၂ |
| | စုစုပေါင်း | ၄၇၅ | ၄၇၉၀၃၉ | ၃၈၈၇၄၅ | ၉၅၂၇၂ | ၂၅၆၈ | ၃၃၈၉၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၄၇၅ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၁၄၈၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၂၅၂၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၄၈၉၅၇၊ မြေပြင်လက်ကျန် ၂၃၁၃၇၇ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၉၇၁၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၂၁၃၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | လားရှိုးမြို့နယ် | ၁၄၅ | ၂၃၀၉၅၀ | ၁၁၈၁၃၀ | ၁၁၂၈၂၀ | ၁၀၄၇၂၀ | ၁၈၇၉၁ | ၁၀၆၉၁ |
| ၂ | လင်းခေးမြို့နယ် | ၃၉ | ၂၉၆၈၆ | ၂၂၁၈၅ | ၇၅၀၁ | ၇၅၀၁ | | |
| ၃ | လဲချားမြို့နယ် | ၃၆ | ၄၅၁၆၇ | ၁၈၇၉၈ | ၂၆၃၆၉ | ၂၅၉၃၁ | ၅၀၇ | ၆၉ |
| ၄ | ဟိုပန်မြို့နယ် | ၄၃ | ၂၄၄၀၀ | ၁၃၄၀၄ | ၁၀၉၉၆ | ၁၀၂၈၇ | ၁၀၉၁ | ၃၈၂ |
| ၅ | နမ့်ခမ်းမြို့နယ် | ၁၁၅ | ၉၇၃၅၀ | ၆၀၆၈၀ | ၃၆၆၇၀ | ၂၉၈၈၆ | ၇၆၅၁ | ၈၆၇ |
| ၆ | လောက်ကိုင်မြို့နယ် | ၂၉ | ၆၁၂၂၆ | ၁၇၉၃၈ | ၄၃၂၈၈ | ၄၂၉၉၃ | ၂၉၅ | |
| ၇ | မိုင်းယောင်းမြို့နယ် | ၆၈ | ၃၂၇၀၄ | ၂၁၃၉၁ | ၁၁၃၁၃ | ၁၀၀၅၉ | ၁၃၇၉ | ၁၂၅ |
| | စုစုပေါင်း | ၄၇၅ | ၅၂၁၄၈၃ | ၂၇၂၅၂၆ | ၂၄၈၉၅၇ | ၂၃၁၃၇၇ | ၂၉၇၁၄ | ၁၂၁၃၄ |

စာမျက်နှာ ၁၆ သို့ »»


လားရှိုးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



လင်းခေးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

## ■ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိ

## ■ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများတွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

»»» **စာမျက်နှာ ၁၅ မှ**

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၉၀၂၉၄ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများမှာ ၉၅၂၇၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“ အခန်း(၆) မဲစာရင်းပြုစုခြင်း ”ပါ ပုဒ်မ ၁၅ (ဂ) တွင် “ မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ ”** ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၂၅၆၈ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၃၈၉၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ လားရှိုးမြို့နယ်တွင် မဲရုံအသုံးပြု ဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်ထုပ်ပိုး သိမ်းဆည်းအပ်နှံပြီးနောက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများလက်ဝယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် အသုံးမပြုရသေးသည့် မဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း ၂၀- ၁၁- ၂၀၂၀ ရက်နေ့မှသာ ပြန်လည်အပ်နှံလာသဖြင့် မဲလက်မှတ် ၁၀၆၉၁ စောင်အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် သီးခြားစုစည်းထိန်းသိမ်းထားရှိသည်ကို စိစစ်တွေ့ရှိရသည်။

၉။ လင်းခေးမြို့နယ်တွင် မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံပြင်ပရှိ အစိုးရ၏ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ပေးပို့သည့် ကြိုတင်မဲလက်ခံဖြတ်ပိုင်း ၆၁ စောင်ကို စိစစ်ခဲ့ရာ လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာ အမည်များ ဖြည့်သွင်းရေးသားထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

၁၀။ နမ့်ခမ်းမြို့နယ်၊ တွန့်ဟုန်း(ကချင်)ကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင် ၃၆၅ ဦး ဆန္ဒမဲပေးထားသော်လည်း မဲဆန္ဒရှင်စာရင်း ပုံစံ(၁)တွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေရေးထိုးရိုက်နှိပ်ထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

၁၁။ နမ့်ခမ်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက် မဲရုံအမှတ်(၁)၊ ကောင်းကတ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂) နှင့် မန်ပန်(လွယ်)ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့မှ အပ်နှံသည့် မဲရုံအိတ်များတွင် မဲဆန္ဒရှင် စာရင်းပုံစံ(၁) စာအုပ်များ၊ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန် ဆန္ဒမဲလက်မှတ်များ ထည့်သွင်းအပ်နှံထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

၁၂။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၈၃၇၂၄ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၇၂၅၂၆ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၁၁၉၈ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၉၇၁၄ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၂၁၃၄ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/ လက်ကျန် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

(င) မဲဆန္ဒရှင်စာရင်းပုံစံ(၁)စာအုပ်တွင် ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး/ရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် ထုတ်ပေး၍ မဲပေးခွင့်ပြုထားခြင်း၊

(စ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဈ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၃။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



လဲချားမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



လောက်ကိုင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်သံသရာ မရှည်ကြာအောင် . . . .

## ငြိမ်းချမ်းမောင်

အကြမ်းဖက်မှုများအား ဆန့်ကျင်သည်ဆိုရာတွင် အကြမ်းဖက်မှုပုံသဏ္ဍာန်အားလုံးကို ဆန့်ကျင်ပြီးနောက် အကြမ်းမဖက်သည့်နည်းလမ်းကိုသာ ကျင့်သုံးမည်ဆိုခြင်းဖြစ်သည်။ အကြမ်းဖက်မှုသည် ထိခိုက်မှုတစ်စုံတစ်ရာ ဖြစ်ပွားစေသည့် အင်အားအသုံးပြုမှု ဖြစ်ပါသည်။

အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ယောက်ကိုဖြစ်စေ၊ အခြားလူအုပ်စု သို့မဟုတ် လူ့အဖွဲ့အစည်းကိုဖြစ်စေ ထိခိုက်ဒဏ်ရာရစေမှု၊ သေဆုံးစေမှု၊ စိတ်ဒဏ်ရာရစေမှု၊ ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးစေမှုတို့ကို ဖြစ်ပွားစေသည့် အင်အားအသုံးပြုမှုဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

### အကြမ်းဖက်လုပ်ရပ်များ

အင်အားကြီးပါတီကြီးကို ဖယ်ရှားလိုက်သည်နှင့် ဒီမိုကရေစီကိုလိုလားပါသည်ဟု ဆိုသူများက "ဒီမိုကရေစီရရှိရေး"၊ "စစ်အာဏာရှင်ကျဆုံးရေး" ဟု စတင်ကြွေးကြော်ကြရာတွင် CDM လှုပ်ရှားမှုကြီးကို အစပြု၍ "ရုံးမတက်နဲ့ ရုန်းထွက်" ကြွေးကြော်သံများသည် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းကို အစပြုလာခြင်းဖြစ်သည်။ CDM လှုပ်ရှားမှု၏အကျိုးဆက်များအဖြစ် စိတ်ဒဏ်ရာရစေမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှောင့်နှေးစေမှုတို့ ဖြစ်ပေါ်ခဲ့၍ ယင်းတို့သည် အကြမ်းဖက်မှုအဆက်အနွယ်များဟု ဆိုရမည်ဖြစ်သည်။ ထိုမှတစ်ဆင့်တက်သော် လူတစ်ဦးတစ်ယောက်မှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ထိခိုက်မှုဖြစ်စေသည့် အကြမ်းဖက်လုပ်ရပ်များ အထင်အရှားပေါ်ပေါက်လာပါသည်။

အမှန်တကယ်တွင် ကျွန်တော်တို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များအရ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံကို အသွင်ကူးပြောင်းတည်ဆောက်နေသည်ဆိုသော်လည်း ဒီမိုကရေစီအမည်ခံသူများ၊ ဒီမိုကရေစီအရေခြုံသူများ၊ ဒီမိုကရေစီကို တလွဲအသုံးချသူများကြောင့် စစ်မှန်သော ဒီမိုကရေစီဝါဒမှ သွေဖည်နေသည်ဟု ဆိုရမည်ဖြစ်သည်။ လွတ်လပ်မှုအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးများကို ရှေ့တန်းတင်ကာ ပြည်သူလူထုအား စည်းရုံးနိုင်မှုသည် "တစ်ပါတီအာဏာရှင်"၊ "လူထုအာဏာရှင်" ဘဝ ရောက်စေသည့် တွန်းအားများပင်ဖြစ်ပါသည်။ ယနေ့အခါတွင် တစ်ပါတီအာဏာရှင်၏ပွဲကိုင်မှုဖြင့် လူထုအာဏာရှင်တို့သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်၍ နိုင်ငံကိုပျက်သုဉ်းအောင်၊ ပြည်သူလူထုတစ်ရပ်လုံး အကြောက်တရားဖုံးအောင် လုပ်ဆောင်ကြသည်ကို ထင်ထင်ရှားရှား မြင်ကြရလေပြီ။

### သောင်းကျန်းသူတို့နည်း

ဆန္ဒဖော်ထုတ်ကြသည်မှာ ဒီမိုကရေစီစနစ်၏ ပြယုဂ်တစ်ခုမျှသာဖြစ်သည်။ ဆန္ဒပြကြရုံဖြင့် အစိုးရတစ်ရပ်သည် သူ့အလိုလို ပြုတ်မကျသွားချေ။ ထို့ကြောင့် ဆန္ဒဖော်ထုတ်ကြသည့်အင်အားကို သန္ဓေတည်၍ အသွင်အဆင့်ဆင့်ကူးပြောင်းကာ လူထုအင်အား၊ လူထုအာဏာကို အကြမ်းဖက်နည်းလမ်းဖြင့် ထုထောင်သည်။ အကြမ်းဖက်မှုအားကောင်းလာသောအခါ တည်ဆဲအစိုးရ ပြုတ်ကျရေး၊ တစ်ပါတီအာဏာပြန်ရရေးတို့သည် နီးစပ်လာမည်ဖြစ်သည်။

တကယ်တမ်းတွင် အကြမ်းဖက်လူထုအင်အားသည် အသုံးချခံသာဖြစ်သည်။ အကြမ်းဖက်အင်အားများသည် မလွဲမသွေဖြိုခွင်းခံရမည်သာဖြစ်သည်။ အကြမ်းဖက်သမားတို့သည် ဖမ်းဆီးချုပ်နှောင်ခံရခြင်း၊ ထောင်နန်းစံရခြင်း၊ အသက်သေဆုံးရခြင်း၊ ဘဝပျက်ခြင်းတို့သာဖြစ်ခဲ့ကြသည်ကို မြန်မာ့သမိုင်းတွင် တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်သမားတို့သည် သောင်းကျန်းသူတို့၏ လုပ်နည်းလုပ်ဟန်အတိုင်း လုပ်ဆောင်ခဲ့ကြသည်။

**အကယ်၍ အကြမ်းဖက်သမားများ မိမိတို့ပတ်ဝန်းကျင်သို့ ရောက်လာသည်ဆိုပါက ချက်ချင်းသတင်းပေးနိုင်လျှင် အချိန်မီကာကွယ်တားဆီးပေးနိုင်သည်။ ထို့ကြောင့် အကြမ်းဖက်အဖျက်သမားများနှင့်ပတ်သက်သည့် သတင်းများ၊ လှုပ်ရှားမှုများ၊ မသင်္ကာစရာများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့များအား ချက်ချင်းသတင်းပေးကြပါရန် တိုက်တွန်းထားသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် အကြမ်းဖက်အဖျက်သမားများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးနိုင်သည့် ပြည်သူလူထုနှင့် ပြည်သူပိုင်အဆောက်အအုံများကို အချိန်မီကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။ ယခုအချိန်အခါတွင် လုံခြုံရေးသတိ အမြဲရှိဖို့လိုအပ်သည်။ သာဓကအားဖြင့် မကြာသေးမီက DENKO ဆီဆိုင်တွင် ဆီလာထည့်သည့် ဆိုင်ကယ်များနှင့်ရော၍ အကြမ်းဖက်သမားက ချိန်ကိုက်မိုင်းထောင်ခဲ့ရာ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရသည့်အဖြစ်မှာ စိတ်မကောင်းစရာဖြစ်။**

မြန်မာ့နိုင်ငံရေးသမိုင်း၌ အကြမ်းဖက်သံသရာသည် မဆုံးနိုင်အောင်ရှိနေဆဲဖြစ်သည်။ လွတ်လပ်ရေးမရမီက မသမာသူအကြမ်းဖက်သမားတို့၏လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း နိုင်ငံရေးပါတီများ ကွဲကြပြဲကြပြီး လက်နက်ကယ်စုံအလင်နှင့် ခက်ဖွယ်ရယ် ကြုံခဲ့ကြရသည့်နိုင်ငံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ် မင်းမဲ့စရိုက်များသည် လက်ဝဲလက်ယာအစွန်းရောက်ဝါဒီများ၊ တရားသေလူမျိုးရေး အစွန်းရောက်ဝါဒီများ၊ အခြားမသမာသူများ၏ အမြတ်ထုတ်မှုများဖြစ်ခဲ့သည်။ မျက်မှောက်ကာလတွင် အကြမ်းဖက်လုပ်ရပ်၊ မင်းမဲ့စရိုက်များသည် နိုင်ငံရေးအရောင်ဆိုးခြင်းခံရသည့် လူငယ်လူရွယ်များ၊ အသိအမြင်အားနည်းသည့် ပြည်သူအချို့အား "စစ်ကျွန်၊ စစ်အာဏာရှင်" တံဆိပ်ကပ်ပေးပြီး ပေါ်ပေါက်လာခဲ့သည်။

### ပြည်သူများအကြောက်ဆုံး

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်စဉ်များသည် ပြည်တွင်းရေးဖြစ်သော်လည်း အဘက်ဘက်တွင် ကြိုတင်ကြံစည်ထားသည့်၊ အင်အားကောင်းသည့် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အနှောင့်အယှက်များကြောင့် အကျပ်အတည်း အခက်အခဲများစွာ ဖြစ်ပေါ်ခံစားနေကြရခြင်းဖြစ်သည်။ ဥပဒေကို ဖောက်ဖျက်သူများက ထင်ရာစိုင်းပြီး ဥပဒေကို လေးစားလိုက်နာသူများက ပို၍အနေအစားဆင်းရဲခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေအရ အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းရယူထိန်းသိမ်းနေကြောင်း အကြိမ်ကြိမ်ရှင်းပြကြသော်လည်း တပ်မတော်က အာဏာသိမ်းသည်ဟု ပြည်သူကြားတွင် ပုံဖော်ခဲ့ကြသည်။ ပြည်သူအများစု၏ စိတ်ခံစားချက်အရဆိုပါက တိုင်းပြည်ကို မည်သူအုပ်ချုပ်သည်ဖြစ်စေ၊ တည်ငြိမ်အေးချမ်းပြီး လုပ်ကိုင်စားသောက်မှု အဆင်ပြေလိုကြသူများသာ များသည်။ အပူအပင်ကင်းကင်းဖြင့် စိတ်အေးချမ်းသာချင်ကြသည်။ အကြောက်ဆုံးမှာ ဆူဆူပူပူ၊ အထိတ်တလန့်နှင့် မတည်မငြိမ်ဖြစ်မည်ကို အကြောက်ဆုံးဖြစ်သည်။

**"တောမီးလောင် တောကြောင် လက်ပမ်းပေါင်း (လက်ခမောင်း)ခတ်" ဆိုရိုးအတိုင်း တိုင်းပြည် မတည်မငြိမ်ဖြစ်သောအခါ လူမိုက်များ ခေါင်းထောင်လာကြသည်။ ဥပဒေဘက်တော်သားထက် လူမိုက်ကို ပိုကြောက်ကြရသည်။ ပြည်သူများ ညီညီညွတ်ညွတ်ဖြင့် လူမိုက်များကို ကာကွယ်ရန်၊ သတင်းပေးရန် ပြောကြသော်လည်း လူမိုက်များ၏ရန် လက်ဦးခံရမည်ကို ကြောက်ရွံ့ကြသည်။ လူမိုက်များ အားကောင်းလာလျှင် လူကောင်းများသာမက ဥပဒေဘက်တော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ကိုပါ အန္တရာယ်ပေးနေသည်ကို လက်ငင်းတွေ့နေရသည်။ ဥပဒေမဲ့ပြုကျင့်သူကို ဥပဒေအရ အရေးယူသည်မှာ နောက်၊ အပြစ်မဲ့ပြည်သူများ အန္တရာယ်ကျရောက်မည်မှာ အရင်ဖြစ်၍ ကြောက်ရွံ့ကြသည်ကို အပြစ်မဆိုသာပေ။**

**"တောမီးလောင် တောကြောင် လက်ပမ်းပေါင်း (လက်ခမောင်း)ခတ် " ဆိုရိုးအတိုင်း တိုင်းပြည် မတည်မငြိမ်ဖြစ်သောအခါ လူမိုက်များ ခေါင်းထောင်လာကြသည်။ ဥပဒေဘက်တော်သားထက် လူမိုက်ကို ပိုကြောက်ကြရသည်။ ပြည်သူများ ညီညီညွတ်ညွတ်ဖြင့် လူမိုက်များကို ကာကွယ်ရန်၊ သတင်းပေးရန် ပြောကြသော်လည်း လူမိုက်များ၏ရန် လက်ဦးခံရမည်ကို ကြောက်ရွံ့ကြသည်။ လူမိုက်များ အားကောင်းလာလျှင် လူကောင်းများသာမက ဥပဒေဘက်တော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ကိုပါ အန္တရာယ်ပေးနေသည်ကို လက်ငင်းတွေ့နေရသည်။ ဥပဒေမဲ့ပြုကျင့်သူကို ဥပဒေအရ အရေးယူသည်မှာနောက်၊ အပြစ်မဲ့ပြည်သူများ အန္တရာယ်ကျရောက်မည်မှာ အရင်ဖြစ်၍ ကြောက်ရွံ့ကြသည်ကို အပြစ်မဆိုသာပေ။**

### မကောင်းဒဏ်ပြန်ခံ

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များကို သုံးသပ်ကြည့်လျှင် အကြမ်းဖက်ဆူပူဆန္ဒပြသူများအနေဖြင့် လမ်းပေါ်ထွက် ဆန္ဒပြမှုများ လျော့နည်းသွားသောအခါ ၎င်းတို့၏ရပ်တည်နိုင်မှုအားလျော့လာသည်ကို ပြန်လည်အရှိန်မြှင့်လာသည်။ ပြည်သူလူထု၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့်နေရာများ၊ အုပ်ချုပ်ရေးယန္တရားများကို မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ ဗုံးထောင်ခြင်း၊ ဗုံးပစ်ခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထုအတွင်း စိုးရိမ်စိတ်များဖြစ်လာအောင်၊ မြို့ရွာများ မငြိမ်မသက်ဖြစ်အောင်၊ မတည်ငြိမ်အောင် လုပ်ဆောင်နေခြင်းဖြစ်သည်။ အကြမ်းဖက်သမားများအနေဖြင့် မကောင်းမှုဒဏ် ကိုယ့်ထံပြန်သည့်အလား လက်လုပ်ဗုံးများ၊ မိုင်းများပြုလုပ်ခြင်း၊ မြို့ရွာများတွင် တပ်ဆင်ရာ၌ လက်ဝယ်တွင် ဗုံးကွဲပြီး သေဆုံးခြင်း၊ ဒဏ်ရာရခြင်းများဖြစ်ခဲ့သည်။

၎င်းတို့သည် ပြည်သူလူထုအကြား ရိုးသားစွာနေထိုင်ကြသော ပြည်သူလူထုကို အကာအကွယ်ယူပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်သည်။

စာမျက်နှာ ၁၈ သို့ ✳

# ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်းထောင်ရန် ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိုင်းထောင်သူအမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၃၁**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်းထောင်ရန် ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိုင်းထောင်သူ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ပေါက်ကွဲမှုဖြစ်ပွား**

ဖြစ်စဉ်မှာ မေ ၃၀ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် အုတ်ဖိုမြို့နယ် မိုးညိုတန်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းမပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဆိုင်ကယ်တစ်စီး မီးလောင်နေသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်အား စုံစမ်းခဲ့ရာ အမျိုးသား တစ်ဦးသည် ကျောင်းရှေ့သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါ အမျိုးသားတွင် ထိခိုက်ဒဏ်ရာများ ရရှိ၍ ထွက်ပြေးသွားကြောင်း သိရှိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်လုပ်မိုင်းထောင်ရန်ပြုလုပ်ခဲ့သည့် အမျိုးသားအား ဖမ်းဆီးရမိနိုင်ရေး အတွက် လိုက်လံပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ ဘူတာရုံလမ်း အနောက်ဘက်လမ်းပေါ်၌ ခြေထောက်တွင် သွေးများပေကျံနေသည့် ထူးကုန်းကျေးရွာနေ ဝေယံကျော် (၁၉)နှစ် သောက်ရေသန့်စက်ရုံအလုပ်သမား (ဘ)ဦးမောင်ချိုအား တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ၎င်းသည် လက်လုပ်မိုင်း တစ်လုံးအား ကျောင်းရှေ့သို့ ဆိုင်ကယ်ဖြင့် သွားရောက်ထောင်စဉ် ပေါက်ကွဲမှုဖြစ်ခဲ့ပြီး ဆိုင်ကယ်မီးလောင်ကာ ၎င်း၏ ခါးအောက်ပိုင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသဖြင့် ဆေးကုသမှုခံယူနိုင်ရေး အုတ်ဖိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

**စေခိုင်းခဲ့ခြင်းဖြစ်**

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူ ဝေယံကျော်အား ထပ်မံစစ်ဆေးခဲ့ရာ လက်လုပ်မိုင်း တစ်လုံး ထည့်ထားသော စက္ကူဘူးအား ကျောင်းရှေ့တွင် သွားရောက်ထောင်ထားပေးရန် မိုးညိုတန်းရပ်ကွက်နေ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးဇော်မင်း (အိုစစ်သောက်ရေသန့် စက်ရုံပိုင်ရှင်)နှင့် ၎င်း၏သားမက်ဖြစ်သူ နိုင်လင်း (၃၂)နှစ် (ဘ)ဦးခင်ဝင်းတို့က ငွေကျပ်တစ်သိန်းပေး၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဝေယံကျော်၏ ဖော်ထုတ်ချက်အရ ဖောက်ခွဲဖျက်ဆီးရေး လုပ်ဆောင်ရန် ငွေပေးစေခိုင်းခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးဇော်မင်း (အိုစစ်သောက်ရေသန့်စက်ရုံပိုင်ရှင်)နှင့် ၎င်း၏သားမက်ဖြစ်သူ နိုင်လင်းတို့အား ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ည ၈ နာရီခန့်တွင် အိုစစ်သောက်ရေသန့်လုပ်ငန်းနှင့် နေအိမ်တွဲလျက်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့ နှစ်ဦးအား မတွေ့ရှိရဘဲ နိုင်လင်း၏ ဇနီးဖြစ်သူ မနန်းထက်ဇော် (၃၃)နှစ် (ဘ) ဦးဇော်မင်းအား တွေ့ရှိရသဖြင့် နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ NLD အလံသေး ကိုးခု၊ NLD တံဆိပ်ပါ အကျႌ ကိုးထည်တို့အား တွေ့ရှိသဖြင့် ထိန်းသိမ်းခဲ့သည်။


တရားခံ ဝေယံကျော်




မနန်းထက်ဇော်


သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ

**စုံစမ်းဖော်ထုတ်**

ထိုသို့ နိုင်ငံတော်အစိုးရမှ ကျောင်းနေအရွယ် လူငယ်၊ လူရွယ်များအား ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများ ပြန်ဖွင့်လှစ်၍ ကျောင်းအပ်လက်ခံနေခြင်းအား အနှောင့်အယှက်ဖြစ်စေရန်အတွက် ပညာသင်ကြားခွင့်ရရှိရေး ကျောင်းလာရောက်အပ်နှံသည့် လူငယ်၊ လူရွယ်များနှင့် ဆရာ ဆရာမများအား ထိခိုက်ဒဏ်ရာရရှိအောင် ရည်ရွယ်၍ ကျောင်းရှေ့လမ်းပေါ်တွင် လက်လုပ်မိုင်းထောင်ရန် ပြုလုပ်သူ ဝေယံကျော်နှင့် ထိုကဲ့သို့ပြုလုပ်ရန် ငွေပေး၍ စေခိုင်းသူများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော CRPH၊ NUG အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများ၊ မိုင်းထောင်ဖောက်ခွဲမှု၊ မီးရှို့ဖျက်ဆီးမှုနှင့် အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ လုပ်ဆောင်ရာတွင် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သာစည်ကျေးရွာနေ လှိုင်ထွန်း (၃၆)နှစ် (ဘ) ဦးရွှေသိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအားနေအိမ်အတွင်းမှ လက်လုပ်သေနတ်ပြုလုပ်ရာတွင် အသုံးပြုသည့် သံပိုက် ၄၉ ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထိုသို့စစ်ဆေးနေစဉ် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် လှိုင်ထွန်း၏ နေအိမ်အနောက်ဘက် ဝါးရုံတောအတွင်းမှ လက်နက်ကိုင်အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် အဆိုပါနေရာအား သွားရောက်ရှင်းလင်းစစ်ဆေးခဲ့ရာ ဝါးရုံတောအတွင်းမှ MA–13 သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၈ တောင့်၊ လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူ လှိုင်ထွန်း၏ ထွက်ဆိုချက်အရ နံနက် ၉ နာရီတွင် ၎င်း၏နေအိမ်အနီးမှ CDM ပြုလုပ်ထားသူ မြတ်မြတ်ခိုင် (၂၇)နှစ် မူလတန်းပြဆရာမ (ဘ)ဦးမောင်ကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ၅ ဒသမ ၅၆ ကျည် ၉ တောင့်၊ CDM နှင့် အကြမ်းဖက်သူများအား ထောက်ပံ့ရန် နိုင်ငံခြားမှ ပေးပို့ထားသည့်ငွေကျပ် ၁၃၀၀၀၀၀၊ USA ဒီမိုကရေစီမိတ်ဆွေများဟု ရေးသားထားသည့် စာအိတ်သုံးလုံးနှင့် နိုင်ငံတော်ဆန့်ကျင်ရေးလှုံ့ဆော်စာသားများပါ လက်ကမ်းစာရွက် ၂၈၅ ရွက်နှင့် အခြားစာရွက်စာတမ်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၁၇ မှ

**အဖျက်အမှောင့်လုပ်ငန်းများကို ပြုလုပ်ခြင်းသည် ပြည်သူလူထုကိုသာ အများဆုံးထိခိုက်စေသည်။ အကြမ်းဖက်အဖျက်သမားတို့ အဖျက်လုပ်ရပ်များကို မြို့ရွာများတွင် အမျိုးမျိုးလုပ်ကိုင်ခဲ့ကြရာ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မေလ ၁၂ ရက်နေ့အထိ ဆူပူအကြမ်းဖက်သူတို့၏ လူမဆန်သောလုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူ ၆၃ ဦး အသက်သေဆုံးခဲ့ရသည်။ ၎င်းအပြစ်မဲ့ပြည်သူတို့၏ မိသားစုများ ဒုက္ခဆင်းရဲရောက်ခဲ့ကြသည်။**

**အချိန်မီကာကွယ်ပေး**

ပြည်သူလူထုအနေဖြင့် အကြမ်းဖက်အဖျက်သမားများ၏ အန္တရာယ်မှ ကင်းဝေးအောင် လုံခြုံရေးတပ်ဖွဲ့များက နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး အကြမ်းဖက်မှုဖြစ်လျှင် ချက်ချင်းရှင်းလင်းပေးလျက်ရှိသည်။

**အကယ်၍ အကြမ်းဖက်သမားများ မိမိတို့ပတ်ဝန်းကျင်သို့ ရောက်လာသည်ဆိုပါက ချက်ချင်းသတင်းပေးနိုင်လျှင် အချိန်မီကာကွယ်တားဆီးပေးနိုင်သည်။ ထို့ကြောင့် အကြမ်းဖက်အဖျက်သမားများနှင့်ပတ်သက်သည့်သတင်းများ၊ လှုပ်ရှားမှုများ၊ မသင်္ကာစရာများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့များအား ချက်ချင်း သတင်းပေးကြပါရန် တိုက်တွန်းထားသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် အကြမ်းဖက်အဖျက်သမားများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးနိုင်သည့် ပြည်သူလူထုနှင့် ပြည်သူပိုင်အဆောက်အအုံများကို အချိန်မီကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။ ယခုအချိန်အခါတွင် လုံခြုံရေးသတိ အမြဲရှိဖို့လိုအပ်သည်။ သာဓကအားဖြင့် မကြာသေးမီက DENKO ဆီဆိုင်တွင် ဆီလာထည့်သည့် ဆိုင်ကယ်များနှင့်ရော၍ အကြမ်းဖက်သမားက ချိန်ကိုက်မိုင်းထောင်ခဲ့ရာ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရသည့်အဖြစ်မှာ စိတ်မကောင်းစရာဖြစ်သည်။**

**နောင်မလုပ်ဝံ့အောင်**

ဥပဒေမဲ့ပြုကျင့်သူ လူမိုက်လူရမ်းကား အကြမ်းဖက်သမားများအား နှိမ်နင်းနိုင်ရမည်မှာ အစိုးရ၏တာဝန်ဖြစ်သည်။ လူဆိုးလူမိုက် လူရမ်းကားအကြမ်းဖက်သမားများကို တပ်မတော်၊ ရဲတပ်ဖွဲ့တို့က နှိမ်နင်းကြမည်သာ ဖြစ်သည်။ သို့သော် ရပ်ရွာပြည်သူလူထုက ကူညီပါမှ ပိုမိုထိရောက်အောင်မြင်မည်။ အဖျက်လုပ်ရပ်များ မကြာမီချုပ်ငြိမ်းသွားမည်ဟုလည်း ပြည်သူများက အားကိုးယုံကြည်မျှော်လင့်နေကြသည်။

အကြမ်းဖက်လုပ်ရပ်များ အမြန်ဆုံးချုပ်ငြိမ်းသွားရန်အတွက် အားလုံးဝိုင်းဝန်း လက်တွဲတိုက်ဖျက်ကြရမည်ဖြစ်သည်။ လူကို သေစေနိုင်သော လက်နက်၊ သေနတ်၊ လက်လုပ်ဗုံး၊ လက်ပစ်ဗုံး၊ မီးပုလင်းများ အသုံးပြု၍ စက်ရုံ၊ အလုပ်ရုံ၊ လူနေအိမ်၊ ကျောင်း၊ ရုံးနှင့် ရဲစခန်းများကို မီးရှို့ဖျက်ဆီး တိုက်ခိုက်လာသူများကို ဥပဒေနှင့်အညီ အရေးယူနေသည်မှာ မလုံလောက်ဟုပင် စာရေးသူ ထင်မြင်ယူဆမိသည်။ အကြမ်းဖက်လက်နက်ကိုင်ဆောင်သူ၊ အသုံးပြု၊ ကျူးလွန်သူတို့အား နောက်နောင်မလုပ်ရဲအောင်၊ နောက်ထပ်မလုပ်ဝံ့အောင် ပိုမိုပြင်းထန်သည့် အကြမ်းဖက် အထူးနှိမ်နင်းရေးတပ်ဖွဲ့နှင့် နှိမ်နင်းရန် စိတ်ကူးမိသည်။

**ချုပ်ငြိမ်းမည်မှာ သေချာ**

မီးရှို့မှု၊ တိုက်ခိုက်မှု၊ ဗုံးကွဲမှု၊ သတ်ဖြတ်မှုများကို မြင်တွေ့ကြားသိနေရသမျှ ပြည်သူအများ စိုးရိမ်ထိတ်လန့်၊ စိတ်မလုံမခြုံဖြစ်ကြမည်။ ပြည်သူအများ စိတ်မလုံခြုံသည့်အခါ ပူးပေါင်းပါဝင်လာရန် တွန့်ဆုတ်နေမည်။ မြို့ရွာ၊ ပြည်သူများလုံခြုံရေးကို ထိထိရောက်ရောက်ကာကွယ်လာနိုင်သည်နှင့်အမျှ ပြည်သူများ ပူးပေါင်းပါဝင်မှု များလာမည်ဖြစ်သည်။ ပြည်သူများစိုးရိမ်ထိတ်လန့်မှုကို လျင်မြန်စွာဖြေဖျောက်ပေးပါက ပြည်သူများက ယုံကြည်အားကိုးပြီး ပူးပေါင်းပါဝင်မှု မြင့်မားလာကာ အမြန်ဆုံးတည်ငြိမ်အေးချမ်းသာယာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှု၊ စည်းလုံးရေးပျက်ပြားမှုကြောင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများမှာ ယခုမှဖြစ်လာသည် မဟုတ်ပေ။ လွတ်လပ်ရေးရပြီးကတည်းက ယနေ့တိုင်အောင် ဖြစ်ပေါ်လျက်ရှိသည်။

**အကြမ်းဖက်သောင်းကျန်းမှုဟူသည်မှာ ပြည်သူလူထုအများစု စက်ဆုပ်ရွံရှာ မနှစ်မြို့သောအလုပ်ဖြစ်၍ တစ်နေ့တွင် ချုပ်ငြိမ်းရမည်သာ ဖြစ်သည်။ တပ်မတော်က မြန်မာ့နိုင်ငံရေးသမိုင်းကြောင်း တစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းမှုဟူသမျှတို့ကို အနိုင်ယူချေမှုန်းနိုင်ခဲ့သည်သာ ဖြစ်သည်။ ပြည်သူလူထု ပူးပေါင်းပါဝင်လျှင် အကြမ်းဖက်မှုမှန်သမျှ အမြန်ဆုံးချုပ်ငြိမ်းသွားမည်ဖြစ်သည်။ ရပ်ရွာများ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာလာမည် ဖြစ်သည်။ ။**

# စွန့်စားခြင်း

## ပီမိုးနင်း

လောက၌ ကြီးကျယ်ခြင်း၏အကြောင်းသည် ကံကြမ္မာကို မယုံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ချွေတာခြင်းပင် ဖြစ်လေသည်။ ဤကား လောကီရတနာ သုံးပါးဖြစ်လေသည်။

ကျွန်ုပ်တို့သည် ယခုကာလ အသိဉာဏ်တိုး၍ လာသဖြင့် ကံဟူသောစကားကို မယုံကြည်ပါဟု သူသူငါငါပြောကြလေသည်။

စီးပွားရှာခြင်း၌ ကံမဟုတ်ဟု ဆိုကြသော်လည်း ကံကိုယုံကြည်သောစိတ်ကို လုံးလုံးကြီး ဖျောက်ဖျက်၍ မရပေ။

အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ကြံစည်မည်ရှိသည့်အခါ၊ ရှေးဦးပထမ အနှောင့်အယှက် အဖျက်အဆီးတစ်ခုခုနှင့် တွေ့ရသည့်အခါ နိမိတ်မကောင်းဘူး၊ အစကနဦး၌ ဤကဲ့သို့ဖြစ်လျှင် ဤအလုပ် အဘယ်သို့ဖြစ်မြောက်အောင်မြင်နိုင်ပါတော့မည်နည်းဟူသော အတွေးသည် အလုပ်ကို လုပ်ရန်၊ အကြံကိုပြုရန် စိတ်အားထက်သန်ခြင်းကို ဖျက်ဆီးတတ်လေသည်။

စိတ်အားမထက်မသန်ကလည်း အကြံအစည် အလုပ်အကိုင်တို့မည်သည် အောင်မြင်သင့်သလောက် အောင်မြင်ကြမည်မဟုတ်ပေ။ ကိုလံဘတ်စ်သည် အမေရိကတိုင်းရှိသည်ကို နှစ်ပေါင်းအစိတ်မျှကြာစွာ သိရှိယုံကြည်ခဲ့လေသည်။ သို့သော်လည်း အနှောင့်အယှက်အဖျက်အဆီး အမျိုးမျိုးတို့နှင့်တွေ့ရသောကြောင့် သွား၍မရှာနိုင်ဘဲ အရပ်ထဲမှာ အရူးဟူ၍သာ အပြောခံခဲ့ရလေသည်။

သင်္ဘောနှင့် ထွက်ရသောအခါ၌လည်း အနှောင့်အယှက် အဖျက်အဆီးအမျိုးမျိုးနှင့် တွေ့ခဲ့ရလေသည်။ သို့တွေ့ရငြားသော်လည်း စိတ်မပျက်ဘဲ ဆက်လက်ကာ အသက်ကိုစွန့်၍ ရှာဖွေလေရာ နောက်ဆုံး၌ရွှေတောင်ကြီးကို တိုက်မိသလို ရွှေပေါသော အမေရိကတိုင်းကို တန်းတန်းမတ်မတ် ဆိုက်ရောက်လျက် ကျွန်းပေါ်၌ အောင်လံကို စိုက်ထူခဲ့ရလေသည်။

၎င်းအလုပ်သည် မြေပေါ်၌ ကြံစည်လုပ်ကိုင်ရသောစွန့်စားခြင်းမဟုတ်။ ဘေးရန်များပြားသော ပင်လယ်ကြော၌ သေးငယ်သောရွက်သင်္ဘောလေးနှင့် စွန့်စားရလေရာ၊ မြန်မာလူမျိုးတို့၏ အတွေးနှင့်ဆိုသော် တွေးစရာ ခေါ်စရာ နိမိတ်ယူစရာ အချက်အလက်များ လွန်စွာများပြားသော စွန့်စားခြင်း ဖြစ်လေသည်။

လောက၌ စွန့်စားခြင်းရှိမှသာလျှင် ရဲရင့်ခြင်းနှင့် သတ္တိအစွမ်းသည် ထင်ပေါ်ကျော်ကြားနိုင်လေသည်။ စွန့်စားခြင်းမရှိသော လောကသည် အသေနှင့်တူလေသည်။ စွန့်စားရမှသာလျှင် အနှစ်သာရနှင့် ပြည့်စုံသည်ဟု မှတ်ကြရ၏။

စွန့်စားခြင်းသည် ကုသိုလ်ကံ နိမိတ်ကိုယုံကြည်သောလူမျိုး၏ ရန်သူဖြစ်လေသည်။ ကံ-ကံ၏နိမိတ်ကို အစွဲပြုသောလူမျိုးသည် စွန့်စားခြင်းကို ပြုနိုင်ကြမည်မဟုတ်ပေ။ မစွန့်စားကလည်း လောကကြီး၌ အောက်ကျနောက်ကျနေကြရပေမည်။

ကမ္ဘာပေါ်၌ မစွန့်စားသောလူမျိုးကို စွန့်စားသော အခြားလူမျိုးတို့သည် နိုင်ငံခြားမှ လာရောက်တိုက်ခိုက်နှိမ်နင်းကြမြဲ ဖြစ်လေသည်။ ရှေးတာတန်လူမျိုးတို့သည် ထိုကဲ့သို့စွန့်စားသဖြင့် ဥရောပတစ်တိုင်းလုံးကို သိမ်းကျုံးယူငင် အုပ်စိုးခဲ့ကြဖူးလေသည်။

❖ **စွန့်စားခြင်းဆိုသည်မှာ ဆင်ကန်းတောတိုး မစဉ်းမစား၊ မတိုင်မပင်ဘဲ ပြုအပ်သော အလုပ်မဟုတ်ပေ။ စဉ်းစားရာ၏။ တိုင်ပင်ရာ၏။ ၎င်းပြင် ကိုယ်ပိုင်ဉာဏ်ကို လျင်မြန်စွာ အသုံးပြုတတ်ရလေသည်။**

❖ **အချုပ်မှာကား ..... စွန့်စားခြင်းသည် မစွန့်စားခြင်းထက် ကြီးပွားနိုင်သည်ကား မှန်၏။ စွန့်စားသောကြောင့် ပျက်စီးသူတို့သည် လွန်စွာနည်းပါး၏။ မစွန့်စားသူများထက် ကြီးပွားအောင်မြင်ကြသည်သာ များလေသည်။**

ကျွန်ုပ်တို့မြန်မာပြည်မှာလည်း ထိုတာတန်လူမျိုးတို့၏စော်ကားခြင်းကို အကြီးအကျယ်ခံခဲ့ရသည်မှာ တရုတ်ပြေးမင်းလက်ထက် ဖြစ်လေသည်။ ယခုကျွန်ုပ်တို့သည်လည်း မစွန့်စားမှုကြောင့် စွန့်စားသော လူမျိုးကွဲ၏အောက်၌ ထင်သလို ပြုလုပ်သမျှကို ခံယူနေကြရလေသည်။

“စိတ်ချလုံခြုံရေးကို ရှေးဦးပထမ လိုလားအပ်သည်” ဟူသော စကားသည် အင်္ဂလိပ်မှာရှိ၏။ မြန်မာမှာကား ထိုစကားမရှိပေ။ သို့သော်လည်း အလွန်စိတ်ချလက်ချနေတတ်သူများ ဖြစ်တတ်လေသည်။ အင်္ဂလိပ်မှာကား စိတ်ချလက်ချနေခြင်းသည် ပထမအရေးဟုဆိုရာ၌ စိတ်ချရအောင် တင်ကြိုပြုလုပ်စီမံခြင်းကို ဆိုလိုသည်။

စိတ်ချရအောင် အဘယ်ပုံ တင်ကြိုပြုလုပ်ရပါသနည်းဟုဆိုသော် ငြိမ်သက်အေးချမ်းစွာနေခြင်းကို မဆိုလို။ ငြိမ်သက်အေးချမ်းစွာနေနိုင်အောင် ဘေးရန်မှန်သမျှကို တင်ကြိုလုပ်ကြံဖြိုဖျက်ခြင်းကို ဆိုလိုလေသည်။

ဤနည်းသည် ရန်သူကိုနှိမ်နင်းခြင်းဖြင့် စိတ်ချလုံခြုံခြင်းအရေးကို ရှာဖွေခြင်းဖြစ်လေသည်။ ထိုကဲ့သို့မဟုတ်မူ၍ ဘာကိုမျှမလုပ်ဘဲ စိတ်ချလက်ချနေခြင်းသည်ကား ရူးမိုက်ခြင်းဖြစ်လေသည်။

ဘာကိုမျှ မလုပ်ဘဲ စိတ်ချလက်ချ လုံခြုံခြင်းသည် ဘာကိုမှမဖြစ်စေနိုင်သဖြင့် အသုံးမဝင် အလဟဿသာလျှင် ဖြစ်လေသည်။ အလုပ်အကိုင် အကြံအစည်တို့၌ မစွန့်စားသူသည် မိမိ၏အလုပ်ကို စိတ်ချရသည်ဟု ဆိုပေလိမ့်မည်။ စွန့်လျှင်ကား မတော်တဆ နစ်မွန်းမည်ကို စိုးရသည်ဟု ပြောကြပေလိမ့်မည်။

ဤစကားသည် မှန်၏။ သို့သော်လည်း မစွန့်စားသမျှ ကြီးကြီးကျယ်ကျယ် အောင်မြင်ကြမည် မဟုတ်ပေ။ လူ၌ ကိုယ်ပိုင်စဉ်းစားဉာဏ်သည် လည်းကောင်း၊ ကိုယ်တိုင်ထက် အသိအလိမ္မာရှိသောသူများ၏ စဉ်းစားဉာဏ်သည်လည်းကောင်း အမြဲအားဖြင့် ကျွန်ုပ်တို့အား အကူအညီကို ပေးနိုင်ကြလေသည်။

သို့ဖြစ်လေရာ စွန့်စားခြင်းသည် အထီးကျန် မဟုတ်။ စွန့်စားသောသူရဲကောင်းတို့မှာ အမြဲအားဖြင့် အကူအညီနှင့် နေကြရလေသည်။ စွန့်စားခြင်းဆိုသည်မှာ ဆင်ကန်းတောတိုး မစဉ်းမစား၊ မတိုင်မပင်ဘဲ ပြုအပ်သော အလုပ်မဟုတ်ပေ။ စဉ်းစားရာ၏။ တိုင်ပင်ရာ၏။ ၎င်းပြင်ကိုယ်ပိုင်ဉာဏ်ကို လျင်မြန်စွာ အသုံးပြုတတ်ရလေသည်။

မစွန့်စားအပ်သော အချိန်အခါဟူ၍ မရှိပေ။ အဘယ်သောအခါမှာမဆို စွန့်စားဝံ့သောသူအတွက် စွန့်စားရန်အလုပ်တွေ ရှိနေကြလေသည်။ စွန့်စားသောသူကိုလည်း တိုင်းပြည်က ချီးမြှောက်မြဲဖြစ်လေသည်။ သို့သော်လည်း သူတစ်ပါးကို တိုင်ပင်ရာ၌ အလုပ်အကိုင်တစ်ခုခုအကြောင်းကို သေချာစွာ မစဉ်းစားဘဲ ဟုတ်သည်၊ ကောင်းသည်၊ အင်မတန်နေရာကျတာပဲဟူသောစကားကို ပေ့ါပေ့ါဆဆ လိုက်လျော၍ ပြောသူများလည်း ရှိကြလေသည်။

၎င်းတို့သည် တစ်ဖက်သားကို ပျက်စီးစေလိုသောစိတ်ဖြင့် ပြောခြင်းကား မဟုတ်ပေ။ မစဉ်းမစားလိုက်လျောအားပေးခြင်းမျှသာ ဖြစ်လေသည်။ ထိုလူမျိုးသည် တိုင်ပင်မည့်အခါ ကျိုးကြောင်းကို ကောင်းစွာမစဉ်းစားဘဲ ရုတ်တရက်ချက်ချင်း လွန်စွာဝမ်းမြောက်သည့် အမူအရာနှင့် အားပေးတတ်ကြလေသည်။ ၎င်းတို့၏အမူအရာမှာ အကြံအစည် လွန်စွာကောင်းသဖြင့် အလွန်အမင်း သဘောကျဟန်ရှိသည့် အမူအရာမျိုးဖြစ်လေသည်။

ထိုအမူအရာမျိုးကြောင့် အလိမ်မိကာ ဘိုင်အိုစကုပ်ထောင်သူတွေ ပျက်စီးကြရလေပြီ။ သတင်းစာတိုက် ဖွင့်လှစ်သူတွေ ပျက်စီးကြရလေပြီ။

အချုပ်မှာကား ..... စွန့်စားခြင်းသည် မစွန့်စားခြင်းထက် ကြီးပွားနိုင်သည်ကား မှန်၏။ စွန့်စားသောကြောင့် ပျက်စီးသူတို့သည် လွန်စွာနည်းပါး၏။ မစွန့်စားသူများထက် ကြီးပွားအောင်မြင်ကြသည်သာ များလေသည်။

သို့သော်လည်း ဆင်ခြင်စဉ်းစားခြင်းသည် လွန်စွာအရေးကြီးလေသည်။ လောက၌ အလုပ်တစ်စုံတစ်ရာ လုပ်ကိုင်ကြံစည်သည့်အခါ အဟုတ်တကယ် ဖြစ်မြောက်အောင်မြင်မည်ဟု မည်သူမျှ စိတ်ချလက်ချ မပြောနိုင်ပေ။ သို့သော်လည်း စဉ်းစားဆင်ခြင်ခြင်း၊ တိုင်ပင်ခြင်းတည်းဟူသော ဉာဏ်မျက်စိဖြင့် ကြည့်သောအခါ၌လည်းကောင်း၊ သတ်မှတ်ထားသော အချိန်အခါကာလအတွင်း ထိုအလုပ်၊ ထိုအကြံကို စွဲစွဲမြဲမြဲ လုပ်ကိုင်ကြံစည်နိုင်သည့်အခါ၌သော်လည်းကောင်း ကံဟုဆိုသော အကြောင်းတရားသည် တစ်လှည့်မပေါ်၊ တစ်လှည့်ပေါ်ရမည်ကား ယုံမှားဖွယ်ရာမရှိပေ။ ။

**တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် ၅၄၊ မတ်၊ ၁၉၃၈**

❒



### ဆရာကြီးပီမိုးနင်း

(၁၈၈၃-၁၉၄၀)

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလ တစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လင်္ကာစပ်မနှောသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင် မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ ဆရာကြီးသည်ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အား ဦးစွာမိတ်ဆက်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆရာကြီးပီမိုးနင်း အမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးကျော်ညွန့်ကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မိုးနှင်းဖြစ်ပြီး ဇာတာအမည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။

ဆရာကြီးပီမိုးနင်းသည် ဟံသာဝတီသတင်းစာတိုက်၊ သူရိယသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ပညာအလင်းသတင်းစာတိုက်တို့တွင် လုပ်ကိုင်ခဲ့ပြီး ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားသည်။

ဆရာကြီးသည် ‘မောင်ကျော်’ ကလောင်အမည်ဖြင့် ရှေးဦးကာလက ထင်ရှားခဲ့ပြီးနောက် ‘ပိုက်ဆံကြီး’ ဖြင့် ထင်ရှားခဲ့သည်။ နောက်ပိုင်းတွင် ပီမိုးနင်းအမည်ဖြင့် ထင်ရှားသည်။ “ခင်ထား၊ ပင်လယ်ကူးခာတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီပွဲစားကြီးသားအဖနှင့် မြမြ၊ ဘားမားဒေး၊ နေညိုညို၊ တကိုယ်တော်၊ ချစ်ပန်းနွယ်၊ သဲမြညွာ၊ သင်းတို့အကြံ” ဝတ္ထုများ ရေးသားခဲ့သည့်အပြင် စိတ်ပညာ၊ တက္ကဗေဒ၊ ဒဿနိကဗေဒ၊ တက်ကျမ်းများ အပါအဝင် နိုင်ငံရေးရာဆောင်းပါးများ၊ စာပေဆောင်းပါးများ၊ လူမှုရေးဆောင်းပါးများ၊ အင်္ဂလိပ်ဘာသာသင်အထောက်အကူပြု ဆောင်းပါးများ ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။

■

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၃၁**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာ ဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မေ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ အပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြသည်။ ကျောင်းနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျောင်းများ လာရောက်အပ်နှံစဉ် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသမှုကာလအတွင်း ကန့်သတ်စောင့်ကြည့်ရေးအဆောင်များအဖြစ် အသုံးပြုခဲ့သော စာသင်ဆောင်များကိုလည်း နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သားများက လိုအပ်သည့် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၃၁**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲများကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားကြပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာသို့ ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်အဖွဲ့ဝင်များက သွားရောက်၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် အိမ်ရာနေ မိသားစုဝင်များတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မေ ၃၁**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့၊ ဗန်းမော်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ ဗထူးတပ်မြို့၊ ရပ်စောက်မြို့၊ ဟိုပုံးမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ သံဖြူဇရပ်မြို့၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့၊ ဘားအံမြို့၊ ကော့ကရိတ်မြို့၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၊ ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၊ ပေါင်းတည်မြို့များရှိ အခြေခံပညာကျောင်းများ၌ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆရာဂုဏ်ဝင်းရေးသားသည့် တိရစ္ဆာန်ဥယျာဉ်ကဗျာများစာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၃၁**

နိုင်ငံ၏ အနာဂတ်ရင်သွေးရတနာကလေး ပညာပြည့်ဝနလုံးလှလျက် ပတ်ဝန်းကျင်ကို ချစ်ခင်လေ့လာတန်ဖိုးထားတတ်စေရန်နှင့် မြန်မာ့ရေမြေပေါ်ရှိ တိရစ္ဆာန်ကလေးများ၏ သဘာဝနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ဆရာဂုဏ်ဝင်း (၁၉၂၉-၂၀၀၂) ရေးသားသည့် "တိရစ္ဆာန်ဥယျာဉ် ကဗျာများ" စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်တွင် ကလေးကဗျာပေါင်းအပုဒ် ၅၀ ပါဝင်ပါသည်။ စာအုပ်အဖုံးနှင့် အတွင်းဒီဇိုင်းကို ဆရာမောင်မောင်အောင်က ရေးဆွဲထားပြီး အတွင်းသရုပ်ဖော်ပုံများကို ဆရာရွှေမင်းသား၊ ဆရာသစ်ထွဏ်း၊ ဆရာဆန်းလင်း၊ ဆရာစမ်းချောင်းကိုကိုအောင်နှင့် ဆရာသီဟစခန်းသစ်တို့က လှပဝေဆာစွာ ရေးဆွဲခြယ်မှုန်းထားကြပါသည်။

ကဗျာလေးများမှာ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များအတွင်းမှ ကျေးငှက်များ၊ တိရစ္ဆာန်များ၊ ရုပ်လုံးသွင်းပြတိုက်၊ သမိုင်းပြတိုက်၊ ငါးပြတိုက်တို့အကြောင်း ချစ်စဖွယ်သီကုံးထားသော ကဗျာများ ဖြစ်သည်။

“တိရစ္ဆာန်ဥယျာဉ်ကဗျာများ” စာအုပ်ကို ၁၉၆၈ ခုနှစ်တွင် ပထမအကြိမ် ၁၉၇၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကလေးများနှင့် အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ထုတ်ဝေခဲ့ပြီး ယခုတတိယအကြိမ် ထပ်မံထုတ်ဝေခြင်း ဖြစ်ပါသည်။

ကြွေစက္ကူရောင်စုံပုံများနှင့် ပုံနှိပ်ထားပြီး တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ရန်ကုန်၊ အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) အမှတ်(တ ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

စာပေမြင့်မှ လူမျိုးတင့်မည် | စာအုပ်စာပေ လူ့မိတ်ဆွေ

# ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးများစနစ်တကျရောင်းဝယ်ရေး ကြပ်မတ်ဆောင်ရွက်

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် ပုဇွန်တောင်ဈေးအနီး အေးတံတား မြစ်ထွက်ပေါက်တွင် ရေစီးရေလာစီမံခန့်ခွဲမှုဌာနက ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ပုဇွန်တောင်ချောင်းအတွင်းသို့ စီးဝင်**

အဆိုပါ အေးတံတား မြစ်ထွက်ပေါက်သည် ဗဟန်း(၃)လမ်းမှ မကျည်းတန်းမြောင်းအဖြစ် စီးဆင်းလာပြီး ယင်းမှ မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက်၊ လွတ်လပ်ရေး ရပ်ကွက်တို့ကို ဖြတ်သန်းကာ အေးတံတားမြစ်ထွက်ပေါက်မှတစ်ဆင့် သဲဖြူချောင်းအဖြစ်စီးဆင်းပြီး ပုဇွန်တောင်ချောင်းအတွင်းသို့ စီးဝင်သွားကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်သည် ပုဇွန်တောင်ဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် ရောင်းဝယ်ဖောက်ကားနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ဈေးအဝင်အထွက်လမ်းများ ပြန်လည်ပြုပြင်ရေး၊ သား၊ ငါးတန်းနှင့် ကုန်စိမ်းတန်းများ စနစ်တကျရောင်းဝယ်စေရေးနှင့် အမိုးအကာများ ပြန်လည်ပြုပြင်ရေး၊ ဈေးရုံများကြံ့ခိုင်ရေး၊ ဈေးအတွင်း၊ အပြင် သန့်ရှင်းရေးကောင်းမွန်စေရေးနှင့် လုံခြုံရေးသတိအမြဲရှိရန် အထူးဂရုစိုက်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။




**ဖွဲ့စည်းတည်ဆောက်ထား**

အဆိုပါ ပုဇွန်တောင်ဈေးသည် (က)အဆင့်ဈေးဖြစ်ပြီး မြေဧရိယာ ၅ ဒသမ ၈၄၈ ဧကပေါ်တွင် ဈေးရုံပေါင်း ၃၁ ရုံ၊ ဆိုင်ခန်းပေါင်း ၁၉၃၂ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဗိုလ်တထောင်မြို့နယ် ၈ ရပ်ကွက် ကုန်သည်လမ်း (၄၁ လမ်းနှင့် ၄၂ လမ်းအလယ်ကြား)ရှိ ဘိုကလေးဈေးအတွင်း သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုနှင့် ရောင်းဝယ်ဖောက်ကားနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဘိုကလေးဈေးသည် (ခ)အဆင့်ဈေးဖြစ်ကာ တိုက်ရုံဈေး၊ လဟာပြင်ဈေးနှင့် လူနေဆိုင်ခန်းဈေးသုံးခု ပေါင်းစည်းထားပြီး ဈေးရုံ ၁၄ ရုံ၊ ဆိုင်ခန်းစုစုပေါင်း ၅၄၈ ခန်းပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ပြည်သူ့စာကြည့်တိုက် ပြန်လည်ဖွင့်လှစ်

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) ပြည်သူ့စာကြည့်တိုက်ကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ခေတ္တပိတ်ထားခဲ့ပြီး ယခုအခါတွင် ပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်စေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက် ၁၀ နာရီတွင် ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။



**အခမဲ့ ငှားရမ်းဖတ်ရှုနိုင်**

ထိုသို့ ဖွင့်လှစ်ရာတွင် စာကြည့်တိုက်သို့ပြည်သူများ စာပေလာရောက်ဖတ်ရှုရာတွင်လည်း စာကြည့်တိုက်ဝင်ပေါက်၌ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း စသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပေးလျက်ရှိသည်။ ယင်းစာကြည့်တိုက်အား နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ထုတ်သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ ရွှေသွေးစာစောင်၊ ရုပ်ပြစာအုပ်များ၊ အပျော်ဖတ်ဝတ္ထုများ၊ သုတ/ရသ စာအုပ် စုစုပေါင်း ၂၀၀၀၀ ကျော်ဖြင့် မည်သူမဆို အခမဲ့ ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ထို့အပြင် မြောက်ပိုင်းခရိုင် ပြည်သူ့စာကြည့်တိုက်၌ ပြည်သူများ စာအုပ်ငှားရမ်းဖတ်ရှုနိုင်ရန် ဝန်ဆောင်မှုပေးခြင်း အပြင် ကလေးများအတွက် ပုံပြောခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ အရုပ်ခေါက်ခြင်းနှင့် စာအုပ်မိတ်ဆက်ခြင်း စသည့်အစီအစဉ်များကိုလည်း အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်၏ ပြောကြားချက်အရ သိရသည်။

**ဉာဏ်ဟိန်း**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု စာပဒေသာ တတိယဆုရရှိသည့် စာရေးဆရာ ဇော်လွင်ဦး(ဟသ်ာတ)၏ "တစ်ချိန်တစ်ခါဆီက စံပြကြက်ခြေနီ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အားကျတယ်၊ တာဝန်မှူး၊ လေ့ကျင့်ထူးချွန်၊ မီးလောင်ပြင်မှာ၊ ရင်ဘတ်မှာတံဆိပ်တပ်ရသည့်နေ့၊ လွမ်းမိပါသည် စံပြကြက်ခြေနီ စသည့် အခန်းပေါင်း ၂၁ ခန်းပါဝင်ပြီး တစ်ခေတ်တစ်ခါက ကြက်ခြေနီလူငယ်တစ်ယောက်၏ လှုပ်ရှားမှုပုံရိပ်အချို့နှင့် ထူးချွန်သော ကြက်ခြေနီလူငယ်များကို ဂုဏ်ပြုသည့် စံပြကြက်ခြေနီစခန်း အတွေ့အကြုံများကို သုတ၊ ရသ ထုံမွမ်းရေးဖွဲ့တင်ပြထားရာ ယနေ့ခေတ်လူငယ်များအတွက် စိတ်အာဟာရဖြစ်စေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၁၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိစာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ ကဗျာစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ စံမြင့်မိုရ်၏ "ရေပြာလမ်းနဲ့ ပန်းစုံလင်ကဗျာများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာချစ်သူ၊ ကဗျာသစ္စာတိုင်၊ ပင်လယ်ဘုရားပွဲ၊ ပင်လယ်သူ ပင်လယ်သား၊ အလှတောကိုခုတ်သောသူတို့ သိပါစေ၊ ဝါးပလုတ် သစ်ပလုတ်စသည့် ကဗျာစုစုပေါင်း ၆၁ ပုဒ်ပါဝင်ပြီး ပင်လယ်နှင့်ယှက်နွယ်သည့် ကဗျာအများစုဖြစ်သော်လည်း တင်ပြမှုနှင့် ကွာခြားသော ရှုခင်းရှုကွက်၊ ဓလေ့စရိုက်နှင့် အသက်မွေးဝမ်းကျောင်းပြုမှုများကို ရသစုံလင် ရုံတင်ဇာတ်လမ်းများသဖွယ် တစ်ကွက်ချင်း တစ်ကွက်ချင်း ခံစားကြရမည်ဖြစ်သည်။

အကြောင်းအရာစုံလင်သကဲ့သို့ မြန်မာကဗျာ စပ်ထုံးစပ်နည်းများစွာနှင့် ရေးသားဖွဲ့ဆိုထားရာ မြန်မာ့ဓလေ့၊ မြန်မာ့အငွေ့ ပြည့်လျှံနေသည့် ကဗျာစာအုပ်တစ်အုပ်ဟု ဆိုရပေမည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၂၆၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❒ ကျောဖုံးမှ**

မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ထွန်းအောင်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် SME Member Card ကို ထုတ်လုပ်မှု လုပ်ငန်းများအနေဖြင့် ဆန်စက်၊ ဆီစက်၊ မြေပဲခွဲစက်၊ သံပန်းသံတံခါး၊ ဆီးခွဲစက်နှင့် စားသောက်ကုန်လုပ်ငန်းများ၊ ရောင်းဝယ်မှုလုပ်ငန်းများအနေဖြင့် အဝတ်အထည်၊ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ၊ အလှပြင်ဆိုင်၊ အပ်ချုပ်ဆိုင် စသည့်လုပ်ငန်းများ လျှောက်ထားလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာမှ ဆန်စက်လုပ်ငန်းရှင် ဦးအေးနိုင်က "ချေးငွေလျှောက်တဲ့အခါ SME Member Card ရှိမှသာ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးငွေရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ချေးငွေရရှိတဲ့အတွက် လုပ်ငန်းတွေ ပိုမိုရင်းနှီးမြှုပ်နှံနိုင်တယ်။ လုပ်ငန်း ပိုမိုလည်ပတ်လာနိုင်တဲ့အတွက် ဝင်ငွေတိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် SME Member Card က ကျွန်တော်တို့လို အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေကို အထောက်အကူဖြစ်စေပါတယ်" ဟု ပြောသည်။

SME Member Card လျှောက်ထားလိုသူများအနေဖြင့် လုပ်ငန်းလိုင်စင်၊ လုပ်ငန်းရှင်၏ ဓာတ်ပုံ၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားနှင့် gmail account တို့ဖြင့် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဦးစီးဌာနဝက်ဘ်ဆိုက်လိပ်စာ ဖြစ်သည့် www.msmewebportal.gov.mm မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ကေတာ**

**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

**နေပြည်တော် မေ ၃၁**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မေ ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၈ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၁-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၅၈)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၂၁,၄၁၃)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၆၂၉)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၁)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၁၃၂,၃၁၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း(၃,၂၁၇)ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၁-၅-၂၀၂၁) ရက်နေ့၊ ည (၈: ၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၄၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇၆) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၅၉) ခု | (၂၅) ဦး |
| စုစုပေါင်း | (၁,၇၇၁) ခု | (၅၈) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၀၄၃၂၂၇ | ၂၇၈၄၀၈၈၄ | ၆၀၉၅၅၁ |
| ၂။ | အိန္ဒိယ | ၂၈၀၇၈၄၉၇ | ၂၅၇၅၀၆၁၀ | ၃၂၉၅၉၀ |
| ၃။ | ဘရာဇီး | ၁၆၅၁၅၁၂၀ | ၁၄၉၁၂၇၄၄ | ၄၆၂၀၉၂ |
| ၄။ | ပြင်သစ် | ၅၆၆၆၁၁၃ | ၅၃၁၅၁၅၀ | ၁၀၉၄၀၂ |
| ၅။ | တူရကီ | ၅၂၄၂၉၁၁ | ၅၁၀၅၀၄၂ | ၄၇၄၀၅ |
| ၆။ | ရုရှား | ၅၀၇၁၉၁၇ | ၄၆၈၄၅၈၅ | ၁၂၁၅၀ |
| ၇။ | ဗြိတိန် | ၄၄၈၄၀၅၆ | ၄၂၈၇၇၀၈ | ၁၂၇၇၈ |
| ၈။ | အီတလီ | ၄၂၁၆၀၀၃ | ၃၈၅၁၆၆၁ | ၁၂၆၀၄၆ |
| ၉။ | အာဂျင်တီးနား | ၃၇၅၃၆၀၉ | ၃၃၁၉၀၆၈ | ၇၇၄၅၆ |
| ၁၀။ | ဂျာမနီ | ၃၆၈၇၈၈၄ | ၃၄၈၆၇၀၀ | ၈၉၀၅၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၈၂၁၇၀၃ | ၁၆၆၉၁၁၉ | ၅၀၅၇၈ |
| ၂။ | ဖိလစ်ပိုင် | ၁၂၃၀၃၀၁ | ၁၁၅၅၀၄၅ | ၂၀၉၆၆ |
| ၃။ | မလေးရှား | ၅၇၂၃၅၇ | ၄၉၀၀၃၈ | ၂၇၉၆ |
| ၄။ | ထိုင်း | ၁၅၉၇၉၂ | ၁၀၈၃၄၅ | ၁၀၃၁ |
| ၅။ | မြန်မာ | ၁၄၃၆၂၉ | ၁၃၂၃၁၉ | ၃၂၁၇ |
| ၆။ | စင်ကာပူ | ၆၂၀၅၁ | ၆၁၄၃၄ | ၃၃ |
| ၇။ | ကမ္ဘောဒီးယား | ၃၀၀၉၄ | ၂၂၆၃၆ | ၂၁၄ |
| ၈။ | ဗီယက်နမ် | ၇၃၂၁ | ၃၀၂၉ | ၄၇ |
| ၉။ | လာအို | ၁၉၁၂ | ၁၅၄၃ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၂ | ၂၂၈ | ၃ |

## မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်ပြီး ဘာတွေသိထားသင့်သလဲ?

- ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး ***(Vibrio cholerae)*** ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပါသည်။
- ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးတွင် အဖြစ်များ လေ့ရှိပါသည်။
- ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/ အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက် ဝင်ရောက်ခြင်း (ဥပမာ – မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- ရောဂါပိုးသည် ကူးစက်ခံရသူ၏ အူအတွင်းတွင် enterotoxin ဟုခေါ်သော အဆိပ်ဓာတ်အား ထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့် ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာ ဆုံးရှုံးစေ၍ အသက်သေဆုံးသည်အထိ ရောဂါလက္ခဏာများ ပြင်းထန်စွာခံစားရနိုင်ပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ ကြုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်း ချိုင့်ဝင်ခြင်း၊ ခံတွင်း/ လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ** – အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် အိမ်သာမှ ဆင်းချိန်တိုင်းတို့တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။ ရေကိုကျိုချက်၍ သောက်သုံးပါ။ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးပါ။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ။ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ)ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။**



မျက်တွင်းချိုင့်ဝင်ခြင်း



အရေပြား၏ ကြုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တရားမဝင် ငွေလွှဲ/ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခလျှော့နည်းနှုန်းများယူ၍ ငွေသားပေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသူကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁**

ရန်ကုန်မြို့နှင့် အချို့မြို့နယ်များ၌ တရားမဝင် ငွေလွှဲ/ ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခလျှော့နည်းနှုန်းများယူ၍ ငွေသားပေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်မှုသည် ငွေရေးကြေးရေးအဖွဲ့စည်းများ ဥပဒေနှင့် တည်ဆဲဥပဒေများအပေါ် ဖောက်ဖျက်ကျူးလွန်နေသည့် အတွက် ကျူးလွန်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၂၀ ရက် ည ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် (က)ရပ်ကွက်နေ မချိုချိုလှိုင် (၂၉)နှစ်(ဘ) ဦးသိန်းဝင်းကို သတင်းအရ စစ်ဆေးရာ ၎င်းသည် Online Shopping လုပ်ငန်း လုပ်ကိုင်ကာ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ ငွေထုတ်သူများ တန်းစီငွေထုတ်နေမှုအပေါ် အခွင့်ကောင်းယူ၍ ဝန်ဆောင်ခယူကာ အိမ်တိုင်ရာရောက် ငွေသားလိုက်လံထုတ်ပေးသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း၊ ဝန်ဆောင်ခအနေဖြင့် ၁ သိန်းကျပ်လျှင် ၅ ရာခိုင်နှုန်း၊ ၄ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်းဖြင့် လိုအပ်သည့် ငွေသားအပေါ်မူတည်၍ ပေးဆောင်ရမည့် ဝန်ဆောင်ခရာခိုင်နှုန်းကို ကြိုတင်သတ်မှတ်ထားခြင်းမရှိဘဲ ညှိနှိုင်းဈေးဖြင့်သာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ၎င်း၏ ဖုန်းအမှတ် ၀၉-၇၀၅ ၅၅၅၆၁၀ ဖြင့် ဖွင့်လှစ်ခဲ့သည့် Cho Cho Hlaing( Shilly Shally) အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တင်ခဲ့ကြောင်း၊ K Pay ဖုန်းနံပါတ်မှာ ၀၉-၇၇၈၅၇၆၁၆၀ နှင့် Mobile Banking ဖုန်းနံပါတ်မှာ ၀၉-၄၂၁၁၀၈၀၅၉ တို့ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။




ဖြစ်စဉ်တွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင် ငွေလွှဲ/ ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခ လျှော့နည်းနှုန်းများယူ၍ ငွေသားပေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ချိုချိုလှိုင်(၂၉)နှစ် (ဘ) ဦးသိန်းဝင်းကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး ကျန်ရှိသော တရားမဝင် ငွေလွှဲ/ ငွေထုတ်ဆောင်ရွက်သူများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ



သက်နိုင်ထွန်း(ခ)ပေါ်လာကြီး



ကျော်သန့်စင်ဦး(ခ)ကျော်ကြီး



မနုနုရီ

**နေပြည်တော် မေ ၃၁**

နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း၍ လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာနေ သက်နိုင်ထွန်း(ခ)ပေါ်လာကြီး (ဘ)ဦးကံထွန်း၊ မရမ်းရိုးကျေးရွာနေ ကျော်သန့်စင်ဦး(ခ)ကျော်ကြီး (ဘ) ဦးအောင်အောင်ဦးနှင့် ငါးသိုင်းချောင်းမြို့ မြစ်ဆယ်အုပ်စု ရွာသစ်ကုန်းကျေးရွာနေ ငါးသိုင်းချောင်းတိုက်နယ်ဆေးရုံမှ အထက်တန်းသူနာပြု မနုနုရီ (ဘ)ဦးငွေအောင်တို့ သုံးဦးသည် ၎င်းတို့၏ Thet Naing Tun Facebook account၊ Kyaw Thant Sim Oo Facebook account နှင့် Htoo Htet Myat Mg Facebook account များဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေခြင်း၊ တရားမဝင် သတင်းမီဒီယာများမှ သတင်းများအား ပြန်လည်မျှဝေခြင်း၊ တရားမဝင် အဖွဲ့အစည်းဖြစ်သည့် CRPH အားထောက်ခံခြင်း၊ အများပြည်သူနှင့် အစိုးရဝန်ထမ်းများအား အထိတ်တလန့်ဖြစ်စေရန်နှင့် ပြစ်မှုကျူးလွန်လာစေရန် သွေးထိုးလှုံ့ဆော် ရေးသားခဲ့ခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ နေအိမ်များ၌ မေ ၃၀ ရက်တွင် အသီးသီးဖမ်းဆီးထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းများ၌ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်(A-3)တွင် Controlled Source Electromagnetic (CSEM) Survey လုပ်ငန်းများအား Survey Vessel M/V ATLANTIC GUARDIAN ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၁၃.၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၆ မိနစ် ၀၈.၄၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၄ မိနစ် ၃၀.၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၂၂.၆၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၅ မိနစ် ၀၅.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၃ မိနစ် ၃၆.၃၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၄၁ မိနစ် ၄၁.၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၂ မိနစ် ၃၈.၇၅ စက္ကန့်တို့တွင် ၂၀၂၁ ခုနှစ်၊ ဇွန်လ(၂၂)ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

